မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၂၄၆)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ ကဆုန်လကွယ်နေ့

၂၀၁၃ ခုနှစ်၊ ဇွန် ၈ ရက်၊ စနေနေ့။

၈-၆-၂၀၁၃

ထစ်ချုန်းမိုး

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မုတ်သုံလေ အားကောင်းမည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် စိန်ခေါ်မှုများ၊ အခက်အခဲများရှိသကဲ့သို့ အခွင့်အလမ်းများစွာလည်းရှိ

နေပြည်တော် ဇွန် ၇

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာနရှိ ဧည့်ခန်းမ၌ အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်တက်ရောက်လာသည့် ကမ္ဘာ့ထိပ်တန်းကုမ္ပဏီများမှ ခေါင်းဆောင်များနှင့်တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးများနှင့် စီးပွားရေးလုပ်ငန်းရှင် ၄၀ ခန့် တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

တွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတက မိမိတို့နိုင်ငံတွင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ လုပ်ဆောင်နေခြင်းသည်ပြည်သူများ၏ ဆန္ဒနှင့်အညီဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ထိုသို့ ပြုပြင်ပြောင်းလဲရာတွင် အပိုင်းနှစ်ပိုင်းရှိပြီး နိုင်ငံရေးနှင့်စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတို့ဖြစ်ပါကြောင်း၊ နိုင်ငံရေးတည်ငြိမ်မှ စီးပွားရေးဖွံ့ဖြိုးတိုးတက်မည်ဖြစ်သကဲ့သို့ စီးပွားရေးဖွံ့ဖြိုးမှုလည်း နိုင်ငံတည်ငြိမ်အေးချမ်းမည်ဖြစ်ရာ နိုင်ငံရေးနှင့် စီးပွားရေးသည် အပြန်အလှန် တည်မှီလျက် ရှိပါကြောင်း။

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အဆင့်လေးဆင့်ဖြင့် ဆောင်ရွက်နေပါကြောင်း၊ ထိုအဆင့်လေးဆင့်မှာ တပ်မတော်အစိုးရမှ အရပ်သားအစိုးရသို့ပြောင်းလဲခြင်း၊ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေး ဆောင်ရွက်နေခြင်း၊ အုပ်ချုပ်ရေးကဏ္ဍတွင် ကောင်းမွန်သောအုပ်ချုပ်ရေးနှင့် သန့်ရှင်းသောအစိုးရဖြစ်ပေါ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍတိုးမြှင့်အောင် ဖော်ဆောင်ရေးတို့ပင် ဖြစ်ပါကြောင်း။

လက်ရှိတွင်ပြည်တွင်း၌ စီးပွားရေးကဏ္ဍကို ပုဂ္ဂလိကကဏ္ဍ၊ သမဝါယမကဏ္ဍနှင့် နိုင်ငံပိုင်ကဏ္ဍဟူ၍ ဒေါက်တိုင်သုံးခုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍမှာ ၉၀ ရာခိုင်နှုန်းကျော် ရှိပါကြောင်း၊ မိမိတို့နိုင်ငံသည် နှစ်ပေါင်း ၂၀ ခန့် စီးပွားရေးပိတ်ဆို့ခံခဲ့ရသည့်အတွက် စီးပွားရေးကဏ္ဍကို ပြန်လည်မြှင့်တင်နိုင်ရန် လိုအပ်ချက်များစွာရှိနေပါကြောင်း၊ မိမိတို့နိုင်ငံတွင် ကျေးလက်နေပြည်သူမှာ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်ရှိနေသည့်အတွက် ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို

စာမျက်နှာ ၃ ကော်လံ ၅ ▲

အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်(၂၀၁၃) အောင်မြင်စွာကျင်းပပြီးစီး ဖိုရမ်ကျင်းပနိုင်ခဲ့ခြင်းဖြင့် မြန်မာကို ကမ္ဘာကသိအောင် ပြသကြေညာနိုင်ခဲ့

နေပြည်တော် ဇွန် ၇

နေပြည်တော်တွင် အကြိုဆွေးနွေးပွဲများအပါအဝင် သုံးရက်ကြာ ကျင်းပခဲ့သည့် အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ် ၂၀၁၃ ကို ယနေ့ ဇွန် ၇ ရက်တွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်သည်။

ဖိုရမ်ကို မျှဝေခံစားသီးပွင့်များ ဆောင်ပုဒ်ဖြင့် အရေးကြီးသည့် နိုင်ငံတကာအဆင့် ဖိုရမ်တစ်ရပ်အဖြစ် မြန်မာနိုင်ငံအနေဖြင့် ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ခဲ့သည်။ ဖိုရမ်သို့ အရှေ့အာရှနိုင်ငံများမှ နိုင်ငံခေါင်းဆောင်အကြီးအကဲများ၊ ဝန်ကြီး၊ ဒုတိယဝန်ကြီးအဆင့် ပုဂ္ဂိုလ်များ၊ အထင်ကရပုဂ္ဂိုလ်များ၊ ကုမ္ပဏီများမှ အကြီးအကဲများ၊ စီအီးအိုများ၊ နယ်ပယ်အသီးသီးမှ ကျွမ်းကျင်သူပညာရှင်ပေါင်း ၁၀၀၀ ကျော်နှင့် နိုင်ငံတကာမှ မီဒီယာအကျော်အမော် သုံးရာကျော်တို့ တက်ရောက်ခဲ့ကြသည်။

ယနေ့ဆွေးနွေးပွဲနောက်ဆုံးရက်တွင် လူမှုအကာအကွယ်ပေးရေး၊ မဟာဗျူဟာမြောက် အခြေခံအဆောက်အအုံများမှတစ်ဆင့် ဖွံ့ဖြိုးတိုးတက်မှုကို အားပေးခြင်း၊ နည်းပညာအရှိန်အဟုန်ဖြင့် ကျော်လွှားခြင်း၊ ရေရှည်တည်တံ့မည့် ခရီးသွားလုပ်ငန်းစီမံချက်အားလုံးပါဝင်သော ဖွံ့ဖြိုးတိုးတက်မှု၊ ထိရောက်သောရင်းနှီးမြှုပ်နှံမှု၊ မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရေးစသည့်ခေါင်းစဉ်များအလိုက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

မျိုးဆက်သစ်များ ကြိုးစားအားထုတ်ကြရမည်

ယနေ့ ကမ္ဘာ့နိုင်ငံတိုင်းသည် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရန်၊ ဦးဆောင်နိုင်ငံဖြစ်ရန်၊ နိုင်ငံများက လေးစားရသော ဂုဏ်သိက္ခာရှိသောနိုင်ငံဖြစ်ရန်၊ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ နည်းပညာဖွံ့ဖြိုးရေးနှင့် ကာကွယ်ရေးကဏ္ဍများတွင် အပြိုင်အဆိုင် ကြိုးစားနေသည့်အချိန်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် ဖွံ့ဖြိုးဆဲနိုင်ငံအချို့နှင့် ဖွံ့ဖြိုးပြီးနိုင်ငံများသည် ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရန်အတွက် မျိုးဆက်သစ်လူတော်လူကောင်း၊ လူငယ်များကို စဉ်ဆက်မပြတ် လေ့ကျင့်ပျိုးထောင်ပေးပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်လျက်ရှိသည်။

လူငယ် လူရွယ်များသည် အနာဂတ်တွင် နိုင်ငံတော်၏ တာဝန်များကို ပခုံးပြောင်းတာဝန်ယူကြရမည့် မျိုးဆက်သစ်များဖြစ်ရာ နိုင်ငံတော်၏ အနာဂတ်ကောင်းကျိုး ဆိုးကျိုးသည် လူငယ်လူရွယ်များအပေါ်တွင်မူတည်ပြီး အရည်အချင်းပြည့်ဝသည့်သူများဖြစ်ရန် သင်ယူသည့်အတတ်ပညာများကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်နေကြရမည်ဖြစ်သည်။ ယနေ့ ကမ္ဘာကြီးသည် ပြောင်းလဲတိုးတက်နေသည့်အလျောက် သတင်းအချက်အလက်နှင့် နည်းပညာများသည် တစ်နေ့တခြား တိုးတက်ပြောင်းလဲလျက်ရှိရာ ယင်းတိုးတက်ပြောင်းလဲမှုကို အမီလိုက်နိုင်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကျင်းပခဲ့သည့် (၂၂)ကြိမ်မြောက် အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်တွင် ကမ္ဘာ့လူငယ်ခေါင်းဆောင်များ ပါဝင်တက်ရောက်ခဲ့ကြသည်။ ထူးချွန်ပြောင်မြောက်ပြီး အလားအလာရှိသော လူငယ်ခေါင်းဆောင်များသည် တီထွင်ဆန်းသစ်သော အကြံဉာဏ်များ၊ ချဉ်းကပ်မှုအသစ်များနှင့် မျက်မှောက်ကမ္ဘာကြီးကို ပုံဖော်နေကြသည်။ စိန်ခေါ်မှုများကို ဖြေရှင်းရန် ကြိုးပမ်းလျက်ရှိသည်။ ယင်းကဲ့သို့သော ကမ္ဘာ့လူငယ်ခေါင်းဆောင်များကို အားကျအတုယူပြီး ယနေ့လူငယ်မျိုးဆက်သစ်တို့သည် သာမန်အတတ်ပညာတတ်သည်မျှနှင့် ရောင့်ရဲတင်းတိမ်မနေဘဲ ဘက်စုံတော်ရန်၊ တတ်ရန်၊ ကောင်းရန်၊ ထူးချွန်ထက်မြက်စေရန် ကြိုးစားအားထုတ်ကြရမည်ကို သိရှိခံယူထားကြရမည်ဖြစ်သည်။

နည်းပညာများ တိုးတက်နေသည့် ယနေ့အချိန်တွင် နောက်ကျမကျန်ရစ်စေရန် အားသွန်ခွန်စိုက် အစွမ်းကုန်ကြိုးပမ်းကြမှသာ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုတို့သည် နိုင်ငံတကာကို အမီလိုက်နိုင်မည်ဖြစ်သည်။ ယခုအခါ နိုင်ငံတကာနှင့် ဘက်စုံ၊ ကဏ္ဍစုံဆက်သွယ်ဆောင်ရွက်နေကြရသဖြင့် အထူးသဖြင့် နိုင်ငံတကာသုံးဘာသာစကားကို ကျွမ်းကျင်တတ်မြောက်မှုသည် အလွန်လိုအပ်နေပြီဖြစ်သည်။ ထို့ကြောင့်လည်း ကျွမ်းကျင်သည့် မျိုးဆက်သစ်များ စဉ်ဆက်မပြတ် တစ်ဆက်ပြီးတစ်ဆက် မွေးထုတ်ပေးရမည် ဖြစ်သည်။

နိုင်ငံတော်အစိုးရက နှစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သည့် ပြုပြင်ပြောင်းလဲရေးများ၏ အဓိကရည်ရွယ်ချက်သည် မျိုးဆက်သစ်လူငယ်များအတွက် ပိုမိုကောင်းမွန် ပြည့်စုံသည့် အနာဂတ်ဖန်တီးပေးနိုင်ရန် ရည်ရွယ်ချက်ဖြစ်သည့်အလျောက် ယနေ့မျိုးဆက်သစ်များသည် အသိပညာ၊ ဗဟုသုတ၊ အတွေးအခေါ်တို့တွင် နိုင်ငံတကာနှင့်အမီလိုက်နိုင်ရန် လေ့လာစူးစမ်းပညာရှာမှီးကြရမည်ဖြစ်သည်။ နိုင်ငံတကာနှင့်ယှဉ်၍ ပြောဆိုနိုင်ရန်၊ နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်ရန်၊ နိုင်ငံတကာသုံး ဘာသာစကားကို ကျွမ်းကျင်တတ်မြောက်ရန်အတွက် အရည်အချင်းပြည့်ဝသော မျိုးဆက်သစ်လူငယ်အမြောက်အမြားကို စဉ်ဆက်မပြတ် ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်သည်။ နိုင်ငံတကာနှင့် ကဏ္ဍပေါင်းစုံ ဆက်သွယ်ဆက်ဆံနေကြရာ နိုင်ငံတော်၏ ဂုဏ်သိက္ခာ ပိုမိုမြင့်မားစေရေးအတွက် မျိုးဆက်သစ်လူငယ်များက လေ့လာမှတ်သားအတုယူပြီး ပိုမိုကောင်းမွန်ရန် ကြိုးစားအားထုတ်ကြရမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

စိမ်းလန်းစိုပြည်သော ရွှေထုတ်လုပ်နည်းပညာပြပွဲ ကျင်းပ

နေပြည်တော် ဇွန် ၇

မေဖလားဝါး မိုင်းနင်းအင်တာပရိုက်လီမိတက်နှင့် Dishengjin Chemical Industry Austria Pte., Ltd. တို့ ပူးပေါင်း၍ ၂၁ ရာစု၏ (Green Mining) စိမ်းလန်းစိုပြည်သော ရွှေထုတ်လုပ်နည်းပညာပြပွဲ အခမ်းအနားကို ဇွန် ၆ ရက် မွန်းလွဲ ၁ နာရီက သတ္တုတွင်းဝန်ကြီးဌာန သီရိရတနာခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်က ယနေ့ နည်းပညာပြပွဲကျင်းပရခြင်း၏ အဓိကရည်ရွယ်ချက်သည် ရွှေသတ္တု ထုတ်လုပ်ရာတွင် ပတ်ဝန်းကျင်ညစ်ညမ်းမှုကင်းလွတ်ပြီး ရင်းနှီးမြှုပ်နှံမှု အနည်းဆုံး၊ အချိန်အမြန်ဆုံး၊ ရွှေရလဒ်အများဆုံး ခေတ်သစ်နည်းပညာဖြင့် ထုတ်လုပ်မှုကို မြန်မာ့ရွှေသတ္တုလုပ်ငန်းရှင်များ လေ့လာကြည့်ရှုနိုင်စေရန်ဖြစ်ကြောင်း၊ ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှု စွမ်းအားများသည် နိုင်ငံတော်တွင် လိုအပ်လျက်ရှိသည့် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေခြင်း၊ စက်မှုနိုင်ငံသို့ ကူးပြောင်းစေခြင်းစသည်တို့ကို ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း၊ သတ္တုကဏ္ဍကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် အစိမ်းရောင်စီးပွားရေး (Green Mining)အဖြစ် သတ်မှတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မေဖလားဝါးမိုင်းနင်း အင်တာပရိုက် လီမိတက်ဥက္ကဋ္ဌ ဦးကျော်ဝင်းက ရွှေသတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းများတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုနှင့် လူနှင့် တိရစ္ဆာန်များ၏ အသက်အန္တရာယ် ထိခိုက်မှုမရှိသော Dongbeihu (Siberian Tiger) Environmentally Friendly Gold Separation Reagent ဖြင့် ရွှေသန့်စင်ထုတ်လုပ်သော နည်းစဉ်ကို ရှင်းလင်းပြသပြီး တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံ သတ္တုလုပ်ငန်းရှင်များအသင်းချုပ်၊ Australia နိုင်ငံ Dishengjin Chemical Industry Australia Pte., Ltd.၊ Mayflower Mining Enterprises Ltd.၊ သတ္တုတွင်းဝန်ကြီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ သတ္တုတွင်းဝန်ကြီးဌာနနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် ပြည်တွင်းပြည်ပမှ ရွှေလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။ **(သတင်းစဉ်)**

ရေလမ်းအန္တရာယ်ကင်းဝေးရေး ဆောင်ရွက်ပေးစေချင်

ထင်သာမြင်သာ ပြုပြင်စရာ

စစ်တွေဆိပ်ကမ်းသို့ ခရီးသည်တင် သင်္ဘောများ၊ ကုန်တင်သင်္ဘောများ၊ စက်လှေကြီးများ၊ စက်လှေငယ်များ၊ သမ္ဗန်များ၊ လှေများသည် နေ့စဉ် အချိန်နှင့်အမျှ ဥဒဟို ဝင်ထွက်သွားလာနေကြသည်။

အထူးသဖြင့် ပေါက်တော၊ မင်းပြား၊ မြေပုံ၊ ပုဏ္ဏားကျွန်း၊ မြောက်ဦးမြို့နယ်များမှ ခရီးသည်များသည် ဤဆိပ်ကမ်းကို အမှီပြုကာ စက်လှေများ၊ ပွဲချိတ်စက်တပ်လှေငယ်များ၊ သမ္ဗန်များနှင့် လှေများဖြင့် နိစ္စဓူဝ သွားလာနေကြသည်။

စစ်တွေဆိပ်ကမ်းသည် ကုလားတန်မြစ်ဝတွင်ရှိ၍ လှိုင်းကြီး လေထန်သည်။ ကုလားတန်မြစ်သည် တောတောင်အထပ်ထပ်ကို ဖြတ်ကျော်ကာ ရှည်လျားစွာ ခရီးနှင်လာရသဖြင့် မြစ်ဝတွင် သောင်များ ဖြစ်ထွန်းလျက်ရှိသည်။ကျွဲကူးမြစ်နှင့် ဆုံသောနေရာတွင် ကျောက်ဆောင်၊ ကျောက်တန်းများရှိသည်။

ကြားသိနေရ

သို့ဖြစ်၍ ရေလမ်းအန္တရာယ် ထူပြောသောနေရာတစ်ခုလည်း ဖြစ်သည်။ မကြာခဏ အန္တရာယ်များ ကြုံတွေ့နေရသည်ကို ကြားသိနေရသည်။

ဤမျှအန္တရာယ်ရှိသော ခရီးကို ခရီးသည်များ သွားလာနေကြသည်မှာ ရင်လေးစရာဖြစ်သည်။ ယင်းစက်လှေများ၊ လှေသမ္ဗန်များတွင် အသက်ကယ်ဝတ်စုံ (Life Jackets) ပါရန်ကားဝေးစွ။ ဘောကွင်းများ၊ ဒေသထွက် ဝါးပိုးဝါးဆစ်များသော်မှ ခရီးသွားတို့အတွက် မပါရှိချေ။

ပေါက်တောမြို့နယ်မှ ခရီးသည်တစ်ဦးက "ကျွန်တော်တို့လည်း ဒီခရီးကို အန္တရာယ်ရှိတာသိပါတယ်။ ဒါပေမယ့် သွားလာနေရတာပါပဲ။ သက်ဆိုင်ရာက စနစ်တကျဆောင်ရွက်ပေးစေချင်ပါတယ်။ ဒါမှလည်း ခရီးသည်တွေ အန္တရာယ်ကင်းရှင်းမှာပါ"ဟု ပြောပြခဲ့သည်။

သို့ဖြစ်ပါ၍ အထက်ပါ ခရီးသွားပြောသကဲ့သို့ အများသူငါ ရေလမ်းအန္တရာယ် ကင်းဝေးစေရေးအတွက် ဆောင်ရွက်ပေးကြပါရန် စေတနာတရားဖြင့် ရေးသားတင်ပြလိုက်ရပါကြောင်း။

ကိုကြီးစော

ဟိုပန်မြို့ရှိ လမ်းတံတားနှင့် အခြေခံပညာကျောင်း ကွင်းဆင်းစစ်ဆေး

ဟိုပန် ဇွန် ၇

ရှမ်းပြည်နယ် 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ထွန်းလူနှင့် ဦးစီးအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါ၍ ဇွန် ၆ ရက် မွန်းလွဲ ၁ နာရီခွဲက ဟိုပန်ခရိုင် ဟိုပန်မြို့၌ ဆောက်လုပ်ဆဲ ဧည့်ရိပ်သာနှင့် ဟိုပန်မှ ဖောင်ဆိပ်တံတား လမ်းတစ်လျှောက် အချိုးအကွေ့များ၌ ယာဉ်သွားလာမှု ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ကွင်းဆင်းကြည့်ရှုစစ်ဆေးမှုများ ဆောင်ရွက်ခဲ့သည်။

ထို့အပြင် မန်မိုင်ရပ်ကွက် ဘုန်းတော်ကြီးကျောင်း၌ ရပ်ကွက်နေပြည်သူများနှင့် တွေ့ဆုံပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်စွက်ဆောင်ရွက်ပေးသည်။

ယင်းနောက် မန်မိုင်အခြေခံပညာမူလတန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းဥပဓိရုပ် ကောင်းမွန်ရေး၊ ကျောင်းအားကစားကွင်းတည်ဆောက်ရေးအတွက် ပန်ခွန်သတ္တုတူးဖော်ရေးကုမ္ပဏီပိုင် စက်ယန္တရား အကူအညီဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

စာအုပ်စာပေ လူ့မိတ်ဆွေ

Dr.ခင်မောင်မြင့် + Dr.သင်းသင်းခိုင်မိသားစုက သမီးမမေနှင်းခိုင်(မွေးနေ့ပါန)အဖြစ် မျက်စိဝေဒနာရှင် (၁၀၀) ဦးအတွက် USD 5000 လှူဒါန်းစဉ်

သီတဂူရွှေပြည်ဟိန်းဆေးရုံ ဇွန်လ (၁၅၊ ၁၆) ၂၄-ကြိမ်မြောက် မျက်စိခွဲစိတ်ခြင်း အလင်းဒါနအလှူရှင်များ

Dr.ခင်မောင်မြင့် + Dr.သင်းသင်းခိုင်မိသားစုနှင့်သမီးမမေနှင်းခိုင် USD 5000

KBZ Bank (Account No. 0071220029870)

ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင် အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်(၂၀၁၃)တွင် ရေရှည်တည်တံ့မည့် ခရီးသွားလုပ်ငန်းစီမံချက်ခေါင်းစဉ် ဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးစဉ်။ (သတင်းစဉ်)

● ရှေ့ဖုံးမှ

ဖိုရမ်ကျင်းပနိုင်ခဲ့ခြင်းဖြင့် မြန်မာကို ကမ္ဘာကသိအောင် ပြသကြေညာနိုင်ခဲ့ပြီး ဆွေးနွေးချက်များ၏ ရလဒ်အနေဖြင့် အားလုံးပါဝင်သည့်တိုးတက်ပြောင်းလဲမှုများ ပိုမိုဖြစ်ထွန်းလာစေရန်၊ အရှေ့အာရှဒေသအဆင့် ပေါင်းစပ်မှု အမှန်တကယ်ဖြစ်ပေါ်စေရန်၊ တွန်းအားပေးဖြေရှင်းနိုင်မည့် ဒေသအဆင့် ဖြေရှင်းဆောင်ရွက်နိုင်မှုများနှင့် နည်းလမ်းများကို ကမ္ဘာလုံးဆိုင်ရာ ခံနိုင်ရည်ရှိမှုမြင့်မားလာသည်အထိ ပိုမိုကျယ်ပြန့်စေရန် တိုးမြှင့်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ယခုကျင်းပပြီးစီးခဲ့သည့် ဖိုရမ်နှင့်ပတ်သက်၍ "အလွန်ကောင်းတဲ့ ဖိုရမ်တစ်ခုဖြစ်ပါတယ်၊ ဆွေးနွေးရတာ အလွန်စိတ်ဝင်စားဖို့ ကောင်းပါတယ်၊ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံရဲ့ အနာဂတ်အတွက် အစိုးရနဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်တွေ ဘယ်လိုပူးပေါင်းဆောင်ရွက်မလဲဆိုတာကို အဓိကထားဆွေးနွေးခဲ့ပါတယ်၊ စီးပွားရေးကုမ္ပဏီတွေလည်း အများကြီးလာရောက်ကြပါတယ်၊ နောင်လာမယ့်နှစ်မှာ ဘာဖြစ် လာမလဲဆိုတာကို အလွန်စိတ်ဝင်စားပါတယ်" ဟု ဖိုရမ်တက်ရောက်ခဲ့သူ ထိုင်းနိုင်ငံမှ ပညာရှင်တစ်ဦးက ပြောပြခဲ့သည်။

(သတင်းစဉ်)

၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် အရာထမ်း အမှုထမ်း သားသမီးများအား ပညာသင်စရိတ်ထောက်ပံ့

နေပြည်တော် ဇွန် ၇

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးရှိ အရာထမ်း အမှုထမ်း သားသမီးများအား ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ပညာသင်စရိတ် ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း တက်ရောက်၍ အရာထမ်းအမှုထမ်းများသည် မိမိတို့ကိုယ်တိုင်နှင့်သားသမီးများပါ လူကောင်း လူတော်များဖြစ်မြောက်လာအောင် နေ့စဉ်နှင့်အမျှ ကျင့်ကြံ အားထုတ်ကြရမည်ဖြစ်ကြောင်း အမှာစကားပြောကြားခဲ့သည်။

အခမ်းအနားတွင် ခုံရုံးဥက္ကဋ္ဌက မူလတန်းအဆင့် ကျောင်းသားကျောင်းသူ ကိုးဦး၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ရှစ်ဦး၊ အထက်တန်းအဆင့် ကျောင်းသားကျောင်းသူ လေးဦး၊ တက္ကသိုလ်အဆင့် ကျောင်းသား ကျောင်းသူ ရှစ်ဦး စုစုပေါင်း ၂၉ ဦးတို့အတွက် ပညာသင်စရိတ်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

❍ ကျောဖုံးမှ

ခရီးသွားလုပ်ငန်းနှင့် စီးပွားရေးဆိုင်ရာဝန်ကြီး Mari Elka Pangestu က ပြောကြားခဲ့သည်။

"အလားတူ ဒီ Smart ဗီဇာစနစ်မှာနည်းပညာအကူအညီနဲ့အကောင်းဆုံးစနစ်ကို ကျင့်သုံးထားတဲ့အတွက် ပုံမှန်ဗီဇာလျှောက်ထားမှုစနစ်တွေရဲ့ အဆင်မပြေမှုတွေကို လျှော့ချပြီးသားဖြစ်သွားမှာပါ" ဟု ဖိလစ်ပိုင်နိုင်ငံ၏ ခရီးသွားလာရေး အတွင်းရေးမှူး Roman R.Jimenez က ပြောကြားခဲ့သည်။

ပြောကြား

အဆိုပါ သဘောတူညီမှုရလဒ်သည် ခရီးသွားလုပ်ငန်းတိုးတက်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရန် ရည်ရွယ်သော New Models for Travel and Tourism လုပ်ငန်းကို ထင်ဟပ်စေသည့် အဓိကလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း ကမ္ဘာ့စီးပွားရေးဖိုရမ်၏ ဒါရိုက်တာဖြစ်သူ Thea Chiesa က ပြောကြားခဲ့သည်။

(စံကားဝါ)

ပြည်တွင်းသတင်း

▲ ရှေ့ဖုံးမှ

ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်နေကြသည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးပါကြောင်း၊ မိမိတို့နိုင်ငံတွင် လက်ရှိလူဦးရေအတွက် စားနပ်ရိက္ခာဖူလုံသည့်အပြင် ပိုလျှံမှုပင်ရှိပါကြောင်း၊ ပြည်ပသို့ ပို့ကုန်တွင် ၃၀ ရာနှုန်းပါဝင်ပါကြောင်း၊ နောင်တိုးပွားလာမည့်လူဦးရေအတွက် စားနပ်ရိက္ခာလုံလောက်မှုရှိအောင် မျှော်မှန်းလုပ်ဆောင်လျက်ရှိပါကြောင်း။

သို့သော် စိုက်ပျိုးရေးလုပ်ငန်းဖြင့် နိုင်ငံကြွယ်ဝချမ်းသာနိုင်မည် မဟုတ်သဖြင့် စက်မှုနိုင်ငံထူထောင်နိုင်မှသာ ကြွယ်ဝချမ်းသာနိုင်မည်ဖြစ်၍ စက်မှုနိုင်ငံထူထောင်ရန်အတွက် ငွေကြေးအရင်းအနှီးနှင့် နည်းပညာများလိုအပ်ပါကြောင်း၊ ယင်းလိုအပ်ချက်များကို ရရှိနိုင်ရန်အတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရခြင်း ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြဋ္ဌာန်းထားပြီး ပြည်ပနိုင်ငံများ၏ ပိတ်ဆို့အရေးယူမှုများကိုလည်း ဖြေလျှော့ရုပ်သိမ်းပေးအောင် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ထို့ပြင် ဥရောပသမဂ္ဂ၏ ကုန်သွယ်မှုအထူးအခွင့်အရေးလည်းရရှိနေပြီဖြစ်ပါကြောင်း၊ အမေရိကန်နိုင်ငံအနေဖြင့်လည်း အစိုးရက ပိတ်ဆို့မှုများကို ဖြေလျှော့ပေးခဲ့ပြီး လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန်သာ ကျန်ရှိပါကြောင်း။

ထို့ကြောင့် ယနေ့အချိန်သည် မိမိတို့နိုင်ငံသို့ ပြည်ပမှရင်းနှီးမြှုပ်နှံမှုများ လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရန် အကောင်းဆုံးအချိန်ဖြစ်ပါကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေတွင် ရင်းနှီးမြှုပ်နှံသူများကို အကာအကွယ်ပေးထားသည့် ပြဋ္ဌာန်းချက်များလည်းပါဝင်ပြီး နှစ်ဦးနှစ်ဖက်အကျိုးရှိအောင် မျှတစွာရေးဆွဲထားပါကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် စိန်ခေါ်မှုများ၊ အခက်အခဲများရှိသကဲ့သို့ အခွင့်အလမ်းများစွာလည်းရှိနေပြီဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် တောင်အာရှ၊ အရှေ့တောင်အာရှနှင့် အရှေ့အာရှတို့ကို ဆက်သွယ်ပေးသည့် ပေါင်းကူးသဖွယ် တည်ရှိနေပါကြောင်း၊ ထို့ပြင် တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ အာဆီယံနိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသောကြောင့် လူဦးရေသန်း ၂၀၀၀ ကျော်ရှိသည့် ကြီးမားသည့်ဈေးကွက်ကြီးလည်း ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် လူဦးရေသန်း ၆၀ ရှိပြီး နိုင်ငံအကျယ်အဝန်းနှင့်လူဦးရေသည် သင့်တင့်မျှတမှုရှိပါကြောင်း၊ ထို့ပြင် ရာသီဥတုမျှတပြီး မြေဆီ၊ မြေနှစ်ကောင်းမွန်သောစိုက်ပျိုးမြေများရှိသည့်အတွက် သီးနှံမျိုးစုံကို စိုက်ပျိုးထုတ်လုပ်နိုင်ပါကြောင်း၊မိမိတို့နိုင်ငံတွင်သစ်တော၊ သားငါး၊ သတ္တု၊ ရေနံနှင့် သဘာဝဓာတ်ငွေ့စသည့် သဘာဝသယံဇာတအရင်းအမြစ်များ ကြွယ်ဝပြီး လုပ်သားအင်အားလည်း လုံလောက်မှုရှိပါကြောင်း။

မိမိတို့နိုင်ငံတွင် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးနေသည့်အတွက် နိုင်ငံသားများအနေဖြင့် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်နေရသည်များရှိရာ မိမိတို့နိုင်ငံတွင် အလုပ်အကိုင်အခွင့်အလမ်းများပေါ်ပေါက်လာပါက အဆိုပါ လုပ်သားများအနေဖြင့် မိမိတို့နိုင်ငံကို ပြန်လည်လာရောက်လုပ်ကိုင်ကြမည်ဖြစ်ပါကြောင်း၊ ပြည်ပမှ အရင်းအနှီး၊ နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်များကို မိမိတို့နိုင်ငံရှိ သဘာဝအရင်းအမြစ်များ၊ လုပ်သားအင်အားများဖြင့် ပေါင်းစပ်လိုက်မည်ဆိုပါက နိုင်ငံလည်းအကျိုးရှိ၊ ပြည်သူလည်းအကျိုးရှိပြီး ကုမ္ပဏီများဘက်ကလည်း အကျိုးဖြစ်ထွန်းနိုင်မည့် (Win-Win-Win Situation) အခြေအနေဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်နေရခြင်းပင်ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

တွေ့ဆုံပွဲတွင် တက်ရောက်လာကြသည့် စီးပွားရေးလုပ်ငန်းရှင်များက မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအကြောင်း၊ စိုက်ပျိုးရေးနှင့် ခရီးသွားလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု၊ ရင်းနှီးမြှုပ်နှံမှု မူဝါဒ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေတို့နှင့်စပ်လျဉ်း၍ မေးမြန်းဆွေးနွေးကြရာ နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ဖိုရမ်ဆွေးနွေးပွဲကာလအတွင်း ယခုကဲ့သို့ နိုင်ငံတော်သမ္မတနှင့် ကမ္ဘာ့ထိပ်တန်းကုမ္ပဏီများမှ ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးနိုင်ခဲ့မှုသည် နောင်အနာဂတ်အတွက် ရလဒ်ကောင်းများ ပေါ်ထွန်းလာနိုင်စေမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတကာသတင်း

အမေရိကန်၌ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်စီမံကိန်းသုံးခုခွင့်ပြု

ဝါရှင်တန် ဇွန် ၇

အမေရိကန်နိုင်ငံအနောက်ပိုင်း နီဗားဒါးနှင့်အရီဇိုးနားပြည်နယ်တို့တွင် ဒေသတွင်းစွမ်းအင်ထုတ်လုပ်မှုတိုးတက်မြင့်မားစေရန်အတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်စီမံကိန်းသုံးခုကို ခွင့်ပြုပေးခဲ့ကြောင်း အမေရိကန်ပြည်ထဲရေးဌာနက ဇွန် ၇ ရက်၌ သတင်းထုတ်ပြန်သည်။

အဆိုပါ စီမံကိန်းများမှာ နီဗားဒါးပြည်နယ်အတွင်းရှိ ဓာတ်အားမဂ္ဂါဝပ် ၃၅၀ ထုတ်လုပ်ပေးနိုင်သော မစ်လန်းနေစွမ်းအင်စီမံကိန်း၊ ဓာတ်အား မဂ္ဂါဝပ် ၇၀ ထုတ်လုပ်ပေးနိုင်သော နယူးယောက်ကင်ယွန်ဘူမိစွမ်းအင်စီမံကိန်းတို့အပြင် အရီဇိုးနားပြည်နယ်ရှိ ဓာတ်အားမဂ္ဂါဝပ် ၁၀၀ ထုတ်လုပ်ပေးနိုင်သော ကွက်စ်ဆိုက်နေစွမ်းအင်စီမံကိန်းတို့ ဖြစ်သည်။

၎င်းစီမံကိန်းသုံးခုမှ ရရှိသော ဓာတ်အားများမှာ နေအိမ် ၂၀၀၀၀၀ ခန့်အား ဓာတ်အားလုံလောက်စွာ ဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည်။ တစ်ဖန် အလုပ်အကိုင်နေရာ ၉၀၀ ကျော်အား ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ယင်းစီမံကိန်းများမှာ သမ္မတအိုဘားမား၏ ပြည်တွင်းစွမ်းအင်ထုတ်လုပ်မှုတိုးချဲ့ရေးဆိုင်ရာအစီအမံကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း ပြည်ထဲရေးဌာနမှ ထိပ်တန်းအရာရှိတစ်ဦးက ပြောကြားသည်။

အမေရိကန်နိုင်ငံသည် ပြည်ပမှ စွမ်းအင်အပေါ် မှီခိုမှုလျှော့ချရန် ပြည်တွင်းမြေပြင်နှင့်ရေပြင်တို့တွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ ထုတ်ယူရေးတိုးတက်ရန် ကြိုးစားလျက်ရှိသည်။ (ဆင်ဟွာ)

ဘင်္ဂလားဒေ့ရှ်နှင့်မလေးရှား တံတားချဉ်းကပ်လမ်းပူးတွဲတည်ဆောက်မည်

ဒါကာ ဇွန် ၇

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အရှည်ဆုံးတံတားအဖြစ် အဆိုပြုထားသည့် ပက်ဒ်မာတံတားသို့ ဆက်သွယ်မည့် ၁၁ ကီလိုမီတာအရှည်ရှိ ချဉ်းကပ်လမ်းကို ဘင်္ဂလားဒေ့ရှ်နှင့် မလေးရှားနှစ်နိုင်ငံပူးတွဲဆောက်လုပ်ရေးအတွက် ဘင်္ဂလားဒေ့ရှ်အစိုးရက သဘောတူညီမှုစာချုပ်ကို ဇွန် ၆ ရက်တွင် လက်မှတ်ရေးထိုးလိုက်ပြီဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အဘဒူလ်မိုနမ် လီမိတက်(အေအမ်အယ်လ်)နှင့် မလေးရှားနိုင်ငံ အိတ်ချ်စီအမ်အင်ဂျင်နီယာရင်းကုမ္ပဏီတို့က လမ်းအခွန်ကောက်ခံသည့် စခန်းနှင့် ကားရေဆေးဆီထိုး နေရာများပါဝင်သော လေးလမ်းသွား ချဉ်းကပ်လမ်းအဖြစ် တည်ဆောက်သွားမည် ဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် တံတားပူးတွဲတည်ဆောက်မှုဆိုင်ရာ သဘောတူညီချက်အရ ကုန်ကျငွေ အမေရိကန်ဒေါ်လာ ၁၄၁ သန်း ကုန်ကျရန် သဘောတူထားကြောင်း ဘင်္ဂလားဒေ့ရှ် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အဘူနာဆာက ပြောကြားသည်။

ပက်ဒ်မာအမည်ရှိ အဆိုပါတံတားကို တည်ဆောက်ရာတွင် အဓိကပစ္စည်းများကို တပ်ဆင်အသုံးပြုနိုင်ရေးအတွက် ဇွန် ၃၀ ရက် နောက်ဆုံးထားပြီး နိုင်ငံတကာကုမ္ပဏီများသို့ တင်ဒါခေါ်ယူထားသည်။ အဆိုပါ တံတားအစိတ်အပိုင်းများအတွက် ကုန်ကျငွေကြေးမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၈ ဘီလီယံ ဖြစ်သည်။ ယင်းတံတား တည်ဆောက်မှုအတွက် ကုန်ကျမည့်ငွေကြေးများကို ဘင်္ဂလားဒေ့ရှ်အစိုးရက ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ရန်ပုံငွေမှ အမေရိကန်ဒေါ်လာ တစ်ဘီလီယံခန့် ခွင့်ပြုပေးနိုင်ရေးပါလီမန်သို့ တင်ပြထားသည်။ ၎င်းတံတားသည် အကျယ် ၂၅ မီတာနှင့် အရှည် ၁၀ ကီလိုမီတာခန့်ရှိပြီး ပက်ဒ်မာမြစ်ပေါ်၌ ဖြတ်သန်းတည်ဆောက်မည်ဖြစ်သည်။ (ဆင်ဟွာ)

နိုင်ငံနှင့်မြို့ကြီး ၇၈ ခုတို့နှင့်အတူ တရုတ် ဟေဘေးပြည်နယ်တွင် ရေလွှမ်းမှုဖြစ်ပွား

ပေကျင်း ဇွန် ၇

ဇွန် ၅ ရက်ကတည်းက စတင်ခဲ့သော မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ကမ္ဘာပေါ်ရှိ နိုင်ငံနှင့်မြို့ကြီး ၇၈ ခုတို့မှာ ရေလွှမ်းမှုရေဘေးဒုက္ခများ ရင်ဆိုင်ကြုံတွေ့နေရပြီး တရုတ်နိုင်ငံအလယ်ပိုင်း ဟေဘေးပြည်နယ်တွင်လည်း အဆိုပါဘေးဒုက္ခများဖြစ်ပေါ်ကာ ငါးဦးသေဆုံးခဲ့ရကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ဇွန် ၇ ရက်၌ အတည်ပြုပြောကြားခဲ့သည်။

ဇွန် ၅ ရက်က စတင်ခဲ့သော ဟေဘေးပြည်နယ်မိုးသည် ဇွန် ၇ ရက် နံနက်ပိုင်းအထိ ဆက်လက်ရွာသွန်းကာ အင်ရှီ၊ ယီချန်နှင့် ကျန်ကျိုမြို့တို့တွင် မိုးရေချိန်ပမာဏ မီလီလီတာ ၂၀၀ ကျော်ရှိသည်ဟု သိရသည်။

အဆိုပါမိုးသည်းထန်စွာရွာသွန်းမှုကြောင့် စိုက်ပျိုးသီးနှံ ၃၅၀၀၀ ဟက်တာကျော်နှင့် လူနေအိမ် ၁၃၅ လုံးပျက်စီးမှုများရှိခဲ့ပြီး ရေဘေးဒုက္ခသည် ၂၃၁၆ ဦးအား ဘေးလွတ်ရာသို့ရွှေ့ပြောင်းပေးထားရသည်ဟုလည်း သိရသည်။ (ဆင်ဟွာ)

တရုတ်သမ္မတ ရှီကျင့်ဖျင် ၂၀၁၂ခုနှစ် ဖေဖော်ဝါရီလတွင် ဒုတိယသမ္မတအဖြစ် တာဝန်ထမ်းဆောင်စဉ်က အမေရိကန်သမ္မတ အိုဘားမားနှင့် တွေ့ဆုံခဲ့စဉ်။

တရုတ်သမ္မတရှီကျင့်ဖျင်နှင့်အိုဘားမားတို့ထိပ်သီးချင်းတွေ့ဆုံ

ဝါရှင်တန် ဇွန် ၇

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် အမေရိကန်သမ္မတ အိုဘားမားနှင့် တွေ့ဆုံရန်အတွက် ဇွန် ၆ ရက်တွင် ကယ်လီဖိုးနီးယားပြည်နယ်သို့ ရောက်ရှိလာခဲ့သည်။ သမ္မတ နှစ်ဦးသည် ဇွန် ၇ ရက်နှင့် ၈ ရက်တို့တွင် တရုတ်-အမေရိကန် ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်မည် ဖြစ်သည်။

သမ္မတနှစ်ဦးအကြား ပထမအကြိမ် ဆွေးနွေးမှုတွင် ဆိုင်ဘာတိုက်ခိုက်မှု၊ မြောက်ကိုရီးယားအရေး၊ အာရှလုံခြုံရေးနှင့် စီးပွားရေးတို့ကို အဓိကထားဆွေးနွေးလိမ့်မည်ဟု မျှော်လင့်ရသည်။

ထို့အပြင် သမ္မတအိုဘားမားနှင့် သမ္မတရှီတို့သည် ၂၀၁၃ခုနှစ်အတွင်း နောက်ထပ် သုံးကြိမ် ထပ်မံတွေ့ဆုံရန် စီစဉ်ထားကြသည်။ သမ္မတရှီ ဒုသမ္မတအဖြစ်ရှိနေစဉ် ပြီးခဲ့သည့်နှစ် ဖေဖော်ဝါရီက အမေရိကန်သို့ သွားရောက်လည်ပတ်ခဲ့ရာ၌ ပိုမိုနက်ရှိုင်းသော "မဟာဗျူဟာမြောက် ဆက်ဆံရေးတစ်ရပ်" တည်ထောင်ရန် ပြောဆိုခဲ့သည်။

အခြားဆွေးနွေးမည့် အကြောင်းအရာများတွင် အာရှတိုက်ရှိ နယ်မြေပိုင်နက် အငြင်းပွားမှုများနှင့် တရုတ်နိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေတို့ ပါဝင်နိုင်သည်။

သမ္မတရှီသည် အမေရိကန် ဒုသမ္မတဂျိုးဘစ်ဒင် ၂၀၁၁ ခုနှစ်အတွင်း တရုတ်သို့ လာရောက်လည်ပတ်ခဲ့စဉ်က ၎င်းနှင့်ဆက်ဆံရေးတစ်ရပ်ကို တည်ဆောက်နိုင်ခဲ့သည်ဟု သတင်းများက ဆိုသည်။ (ဆင်ဟွာ)

HIV/AIDS အစီအစဉ်အတွက် ကူညီရေးဝန်ထမ်းများ လိုအပ်

ပေကျင်း ဇွန် ၇

နိုင်ငံတကာအလုပ်သမားအဖွဲ့ (ILO) သည် HIV/AIDS ဆိုင်ရာ ကုလသမဂ္ဂအစီအစဉ်နှင့်ပူးပေါင်းကာ HIV/AIDS ရောဂါဝေဒနာရှင်အား ရောဂါရှာဖွေရေး၊ နှစ်သိမ့်ဆွေးနွေးရေး၊ လျှို့ဝှက်ချက်အား ထိန်းသိမ်းထားပေးရေး လုပ်ငန်းများကို လုပ်ပေးနိုင်သော အကူအညီပေးရေးလုပ်အားပေး ငါးသန်းအား ၂၀၁၅ ခုနှစ်မတိုင်မီ ရရှိရေးအစီအစဉ်ကို ဇွန် ၆ ရက်က စတင်လိုက်ပြီဖြစ်ကြောင်း ဇွန် ၇ ရက်တွင် ဆင်ဟွာသတင်းတစ်ပုဒ်၌ ရေးသားထားသည်။

အဆိုပါကူညီရေးအဖွဲ့ဝင်များသည် HIV ကူးစက်ခံရသူလူနာများကို နှစ်သိမ့်ဆွေးနွေးပညာပေးမှုများနှင့် လိုအပ်ပါက ဆေးဝါးကုသမှုလုပ်ငန်းများဆောင်ရွက်ပေးရမည်ဟု အိုင်အယ်လ်အိုက ပြောကြားခဲ့သည်။

ကမ္ဘာ့နိုင်ငံအသီးသီးမှ အလုပ်သမားဝန်ကြီးဌာနများ၊ အလုပ်သမားများနှင့် အလုပ်သမားအဖွဲ့အစည်းများအား ခေါ်ယူပူးပေါင်းကာ လက်တွေ့ ကွင်းဆင်းဆောင်ရွက်သွားမည်ဟု အိုင်အယ်လ်အိုညွှန်ကြားရေးမှူးချုပ်က ပြောကြားသည်။

HIV/AIDS ဆိုင်ရာ ကုလသမဂ္ဂအစီအစဉ်မှ ထုတ်ပြန်ချက်အရ လက်ရှိတွင် ကမ္ဘာတစ်ဝန်း၌ AIDS ရောဂါဝေဒနာရှင် ခုနစ်သန်းခန့်သည် ဆေးကုသခွင့်မရဖြစ်နေကြောင်း သိရသည်။ (ဆင်ဟွာ)

သင်ခန်းစာယူရမည့် ကမ္ဘာ့ စားနပ်ရိက္ခာဖူလုံရေး

မောင်မဟာ

ကမ္ဘာကြီးရဲ့ အချို့ဒေသတွေမှာ စားနပ်ရိက္ခာမဖူလုံမှုနဲ့ အစာအာဟာရ ငတ်မွတ်ခေါင်းပါးမှုတွေကို ရင်ဆိုင်ကြုံတွေ့နေရပေမယ့် တရုတ်နိုင်ငံကတော့ အဲဒီပြဿနာတွေ လျော့ကျအောင် စွမ်းဆောင်နိုင်တာမို့ အတုယူလေ့လာစရာကောင်းပါတယ်လို့ စားနပ်ရိက္ခာနဲ့ စိုက်ပျိုးရေးအဖွဲ့(အက်ဖ်အေအို)ညွှန်ကြားရေးမှူးချုပ် ဂျို့ဂရာဇီရာနိုဒါဆေးလ်ဗားက ဇွန် ၅ ရက်မှာ ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

တရုတ်နိုင်ငံဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀ အတွင်းမှာ လူပေါင်း သန်း ၁၀၀ ခန့်ကို ငတ်မွတ်ခေါင်းပါးမှုမှ ကင်းလွတ်အောင် စွမ်းဆောင်နိုင်ခဲ့လို့ ၂၀၁၅ ခုနှစ်မှာ ဆင်းရဲနွမ်းပါးမှုနဲ့ ငတ်မွတ်ခေါင်းပါးမှုတွေကို ဟန်ချက်ညီညီ လျှော့ချရေးဆိုတဲ့ ကုလသမဂ္ဂရဲ့ ထောင်စုနှစ်ရည်မှန်းချက်ကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ လုပ်ဆောင်ချက်တစ်ရပ်လည်း ဖြစ်ပါတယ်လို့လည်း ချီးကျူးပြောကြားနေပါတယ်။

ဒီလိုဆောင်ရွက်မှုဟာ ကမ္ဘာ့နိုင်ငံတွေရဲ့ ငတ်မွတ်ခေါင်းပါးမှု ကင်းဝေးရေးနဲ့ ကမ္ဘာ့စားနပ်ရိက္ခာ ထုတ်လုပ်သုံးစွဲရေးတို့ကို ဘယ်လို နည်းလမ်းတွေနဲ့ အသုံးပြုဖြေရှင်းနိုင်မလဲ ဆိုတာအပြင် ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေးအတွက်လည်း လေ့လာစရာ၊ အတုယူစရာကောင်းတယ်လို့ အက်ဖ်အေအို ညွှန်ကြားရေးမှူးချုပ်က ဆိုနေပါတယ်။

အဲဒီအကြောင်းကို စားနပ်ရိက္ခာမဖူလုံမှုနဲ့ ငတ်မွတ်ခေါင်းပါးမှုမှ လျှော့ချရေးဆိုင်ရာ တရုတ်နိုင်ငံရဲ့ အောင်မြင်မှုတွေအပေါ် လေ့လာခြင်းဆိုတဲ့ခေါင်းစဉ်နဲ့ လေ့လာဆန်းစစ်မှုတစ်ရပ်ကို အက်ဖ်အေအို ညွှန်ကြားရေးမှူးချုပ်က တရုတ်နိုင်ငံ ခရီးစဉ်မသွားမီ ရေးသားပြုစုထုတ်ပြန်လိုက်ခြင်း ဖြစ်ပါတယ်။

စားနပ်ရိက္ခာဖူလုံရေးနဲ့ ငတ်မွတ်ခေါင်းပါးမှုမှ လျှော့ချရေးဆိုတဲ့ ရည်မှန်းချက်ကို ရောက်ရှိဖို့အတွက် အခြေခံအချက်တစ်ချက် အနေနဲ့ အသေးစားစိုက်ပျိုးရေးလုပ်ငန်းတွေ အပါအဝင် စားနပ်ရိက္ခာထုတ်လုပ်ရေး ကဏ္ဍတွေ တိုးတက်ဖွံ့ဖြိုးဖို့အတွက် တည်တည်ငြိမ်ငြိမ်နဲ့ ဆောင်ရွက်နိုင်ရေး ဖြည့်ဆည်း ဖန်တီးပေးရမယ်လို့ သူရဲ့လေ့လာသုံးသပ်မှုမှာ ဖော်ပြထားပါတယ်။

ဒါ့အပြင် စိုက်ပျိုးရေးအပါအဝင် စားနပ်ရိက္ခာ ထုတ်လုပ်ရေး ကဏ္ဍတွေမှာ ထုတ်လုပ်မှုဆိုင်ရာ အသွင်သဏ္ဌာန်ပြောင်းလဲမှု၊ ငွေကြေးရင်းနှီးမြှုပ်နှံ ထောက်ပံ့ပေးမှုနဲ့ ငွေကြေးတည်ငြိမ်မှု၊ လိုအပ်တဲ့ပစ္စည်းတွေ ဖြည့်ဆည်းပေးမှုတွေကို ပြုလုပ်နိုင်မယ်ဆိုရင် ဒီနေ့ရင်ဆိုင်နေရတဲ့ စားနပ်ရိက္ခာဖူလုံစွာ မထုတ်လုပ်နိုင်မှုကြောင့် ငတ်မွတ်ခေါင်းပါးမှုတွေ ဖြစ်ပေါ်နေရတယ်ဆိုတဲ့အချက်ကို လျှော့ချဖြေရှင်းပေးသွားနိုင်မယ်လို့လည်း အက်ဖ်အေအို ညွှန်ကြားရေးမှူးချုပ် ဒါဆေးလ်ဗားက သုံးသပ်ထားပါတယ်။

ဒီလို အခြေအနေမျိုးတွေကို တရုတ်နိုင်ငံက ဆောင်ရွက်ခဲ့တဲ့ နေရာမှာ လွန်ခဲ့တဲ့ ဆယ်စုနှစ်သုံးစုကတည်းက တရုတ်နိုင်ငံရဲ့ စီးပွားရေးကို တိုးတက်အောင်ဆောင်ရွက်ခဲ့မှု၊ မြို့ပြဖွံ့ဖြိုးတိုးတက်မှုရော ကျေးလက်ဒေသတွေ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုပါ ဆောင်ရွက်နိုင်ခဲ့မှုတွေက ဆင်းရဲနွမ်းပါးမှုနဲ့ ငတ်မွတ်ခေါင်းပါးမှုတွေကို ထိထိရောက်ရောက် လျှော့ချပေးနိုင်ခဲ့တယ်လို့ ဆိုပါတယ်။

ဒါကြောင့် လယ်ယာစိုက်ပျိုးရေးနဲ့ စားနပ်ရိက္ခာဖူလုံရေးနယ်ပယ်တွေအပြင် စီးပွားရေးတိုးတက်ဖြစ်ထွန်းအောင် တရုတ်နိုင်ငံဟာ ဘယ်လိုနည်းလမ်းတွေနဲ့ ဆောင်ရွက်နေတယ်ဆိုတာ လေ့လာနည်းယူသင့်တယ်လို့ အက်ဖ်အေအို ညွှန်ကြားရေးမှူးချုပ်က သုံးသပ်ပြောကြားခဲ့ပါကြောင်း တင်ပြလိုက်ပါတယ်။

စကြဝဠာအတွင်းပထမဆုံးဖြစ်တည်ခဲ့သော ကြယ်တာရာအစုအဝေးကိုလေ့လာရန် အာကာသလေ့လာရေးယာဉ် လွှတ်တင်မည်

အာကာဟိန်း-ရေးသည်

အာကာသ စကြဝဠာအတွင်း ပထမဆုံး ကြယ်တာရာအစုအဝေး ဖွဲ့စည်းဖြစ်တည်မှု အနေအထားကို လေ့လာမည့် စီဘာအမည်ရှိ အာကာသလေ့လာရေးယာဉ် လွှတ်တင်မှုကို ပြင်ဆင်မှုအချို့ ပြုလုပ်ရန်ရှိသဖြင့် လွှတ်တင်မည့်ရက်ကို ရွှေ့ဆိုင်းခဲ့ရကြောင်း နာဆာက ဇွန် ၇ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါ အာကာသလေ့လာရေးယာဉ်ကိုလွှတ်တင်ရန် အသင့်အနေအထား တပ်ဆင်ထားပြီး ဖြစ်သော်လည်း အအေးပေးမှုဆိုင်ရာ ကိရိယာချွတ်ယွင်းမှုကြောင့် အပူချိန်ထိန်းချုပ်အားနည်းချက်ရှိနေသဖြင့် အာကာသယာဉ်လွှတ်တင်ရန် ရက်ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်သည်ဟု နာဆာမှ ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြထားသည်။

စီဘာအမည်ရှိ အာကာသလေ့လာရေးယာဉ်ကို အလက်ဘရန်း

X11 အမည်ရှိ ဒုံးပျံဖြင့် ဇွန် ၆ ရက်နှင့် ၇ ရက်တို့တွင် လွှတ်တင်ရန် စီစဉ်ခဲ့သော်လည်း ယခုအခါ ဇွန် ၁၀ ရက်တွင် လွှတ်တင်ရန် ရက်ရွှေ့ဆိုင်းထားခြင်းဖြစ်သည်။

အဆိုပါ စီဘာအာကာသယာဉ်သည် ပထမဆုံးကြယ်တာရာနှင့် ကြယ်တာရာအစုအဝေးများ၏ ဖြစ်တည်ဖွဲ့စည်းမှုအပြင် အာကာသ၌ မည်ကဲ့သို့သောနည်းလမ်းဖြင့် ထွန်းလင်းတောက်ပနေသည်ကိုလည်းကောင်း၊ ထိုသို့ အလင်းရောင်ထွန်းလင်းတောက်ပမှုသည် နျူကလီးယားလောင်စာကဲ့သို့ စွမ်းအင်မျိုးဖြင့် ဖြစ်ပေါ်နေခြင်းရှိမရှိကိုလည်း လေ့လာမည်ဖြစ်ပြီး အာကာသသုတေသန သိပ္ပံပညာရှင်များအတွက် အထောက်အကူပြုမည့် အချက်အလက်များကို ပေးစွမ်းနိုင်မည် ဖြစ်သည်။

Y.E.S. Since 1994
B.A.(Hons.)(English), M.A.(ESL)(Hawaii, USA)
International English Language Centre

Basic Spoken English
Mon to Thurs-5:00-7:00pm 10 Jun
MontoThurs-10:00-12:00am 17,24 Jun
Mon to Thurs-1:00-3:00pm 17,24 Jun
Sat & Sun -9:00-12:00am 22 Jun
Sat & Sun -12:30-3:30pm 22 Jun
Sat & Sun -3:45-6:45pm 29 Jun
Pre-Intermediate English
Mon to Thurs-7:30-9:30am 3 Jun
Mon to Thurs-10:30-12:30am 17 Jun
Mon to Thurs-10:00-12:00am 24 Jun
Mon to Thurs-1:00-3:00pm 24 Jun
Mon to Thurs-5:00-7:00pm 24 Jun
Grammar Foundation Course
Sat & Sun - 9:00-12:00am 8 Jun
Mon to Thurs- 1:00-2:30pm 17 Jun
Structure & Written Expression
Mon to Thurs - 6:00-8:30pm 24 Jun
Vocabulary Enrichment Course
Sat & Sun - 10:00- 12:00 am 15 Jun
Academic Writing Course
Sat & Sun - 5:00- 7:00 pm 29 Jun
Academic Preparation for IELTS
Mon to Thurs - 10:30-12:30am 17 Jun
IELTS (Test Practice)
Mon to Thurs - 5:30-7:00pm 10 Jun
Sat & Sun - 10:30- 12:30 am 29 Jun
IELTS(Speaking) Sat & Sun - 1:00 - 2:30 pm 29 Jun
SAT Mon to Thurs - 3:30-5:00pm 17 Jun
No.190, 2nd Flr:,28th St:(Upper), Pabedan Tsp. ☎ 243950

နိုင်ငံတကာသတင်း

သမ္မတပူတင်နှင့် ဇနီးဖြစ်သူလမ်းခွဲ

ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ၎င်း၏ဇနီးဖြစ်သူ လွတ်ဒမီလာတို့သည် ကွာရှင်းပြတ်စဲလိုက်ပြီဖြစ်ကြောင်း ဇွန် ၆ ရက်က ဘီဘီစီသတင်းတွင် ဖော်ပြသည်။ ၎င်းတို့နှစ်ဦးသည် ဘဲလေးအက ဖျော်ဖြေပွဲတစ်ခုသို့ တက်ရောက်ခဲ့ကြပြီးနောက် ရုရှားနိုင်ငံပိုင် ရုပ်မြင်သံကြားတွင် ကွာရှင်းပြတ်စဲကြောင်း ကြေညာခဲ့သည်။ "ကျွန်တော့်အနေနဲ့ ဒီဆုံးဖြတ်ချက်ကို အတူတကွချမှတ်ခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော်တို့နှစ်ဦးဟာ တစ်ဦးနဲ့တစ်ဦး သဘောထားချင်းမတိုက်ဆိုင်ကြတော့ပါဘူး"ဟု မစ္စတာပူတင်က ပြောကြားသည်။ မစ္စတာပူတင်အနေဖြင့် မိမိနှင့်သားသမီးများကို ထောက်ပံ့နေဆဲဖြစ်သည့်အတွက် ကျေးဇူးတင်ကြောင်း ဇနီးဖြစ်သူက ပြောကြားသည်။ ၎င်းတို့နှစ်ဦးသည် ၁၉၈၃ ခုနှစ်က လက်ထပ်ခဲ့ကြပြီး အသက် ၂၀ ဝန်းကျင်ရှိ မာရီယာနှင့် ရက်ကာတာရင်းနားအမည်ရှိ သမီးနှစ်ယောက်ထွန်းကားခဲ့သည်။ ကလေးများလည်း ကြီးပြင်းလာပြီဖြစ်သည့်အတွက် ကိုယ့်ခြေထောက်ပေါ်ကိုယ် ရပ်တည်နိုင်ကြပြီဖြစ်ကြောင်း မစ္စစ်ပူတင်ကပြောကြားသည်။ သူမနှင့် မစ္စတာပူတင်တို့သည် ၂၀၁၂ ခုနှစ် မေ ၇ ရက်က တတိယအကြိမ် သမ္မတဖြစ်လာပြီးနောက် အခမ်းအနားတွင် နောက်ဆုံးအတူတကွ တွေ့ဆုံခဲ့ရသည်။

• • • • • • • • • • • • • •

တရားမဝင်ရွှေတူးသူများ ဂါနာ၌ဖမ်းဆီး

ဂါနာနိုင်ငံတွင်တရားမဝင်ရွှေတူးဖော်ရေးလုပ်ငန်းလုပ်ကိုင်သည့် သံသယရှိသူ တရုတ်နိုင်ငံသား ၁၂၄ ဦးကို ဖမ်းဆီးလိုက်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်ဟု ဇွန် ၆ ရက်က ဘီဘီစီတွင် ဖော်ပြသည်။

ဖမ်းဆီးခံရသူအများစုသည် တရားဝင်ဗီဇာ၊ အလုပ်နှင့်နေထိုင်ခွင့် ပါမစ်များမရှိကြကြောင်း တရုတ်တာဝန်ရှိသူများက ပြောကြားသည်။ ၎င်းတို့အား ပြန်လွှတ်ပေးရေး စေ့စပ်ဆွေးနွေးနေပြီဖြစ်ကြောင်း ဂါနာရှိ တရုတ်သံရုံးမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောသည်။ ဂါနာတာဝန်ရှိသူများက တရားမဝင်ရွှေသတ္တုတူးဖော်ခြင်းကို ရပ်တန့်ရန် ကြေညာခဲ့ပြီးနောက် ထိုသို့ နိုင်ငံတစ်ဝန်း ရွှေတူးဖော်ရေးလုပ်ငန်းများက ဖမ်းဆီးလိုက်ခြင်းဖြစ်သည်။ ဂါနာနိုင်ငံအနေဖြင့် ၎င်းတို့အား တရုတ်နိုင်ငံသို့ ပြန်ပို့ပေးလိမ့်မည်ဟု မျှော်လင့်ရသည်။

• • • • • • • • • • • • • •

ဂျော်ဂျီယာတပ်ဖွဲ့ဝင်ခြောက်ဦး ပုံးထိမှန်သေဆုံး

အာဖဂန်နစ္စတန်နိုင်ငံ ဟယ်လ်မန့်ပြည်နယ်တွင် ဂျော်ဂျီယာတပ်ဖွဲ့ဝင်ခြောက်ဦး အသေခံဗုံးခွဲတိုက်ခိုက်ခံရပြီး သေဆုံးခဲ့ရကြောင်း ဇွန် ၆ ရက်က ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အသေခံဗုံးခွဲသူတစ်ဦးသည် မိမိတို့စစ်အခြေစိုက်စခန်းရှိ လော်ရီကားတစ်စီးအနီးသို့ ကပ်လာပြီး ဖောက်ခွဲတိုက်ခိုက်ခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူအာရက်က ဂျော်ဂျီယာရုပ်မြင်သံကြားမှတစ်ဆင့် ပြောကြားသည်။ လွန်ခဲ့သည့်လကလည်း ဂျော်ဂျီယာတပ်ဖွဲ့ဝင်ကိုးဦး အလားတူတိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရသည်။ သို့သော်လည်း ၎င်းတို့သည် နေတိုးတပ်ဖွဲ့ဝင်မဟုတ်ဘဲ အချို့သောမစ်ရှင်များနှင့် ပါဝင်ခဲ့ရာ ဟယ်လ်မန့်တွင် တပ်ဖွဲ့ဝင် ၁၅၀၀ ကျော် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မြင့်မောင်စိုး-စုစည်းသည်

အာဟာရဖွံ့ဖြိုးရေးကို ကမ္ဘာ့ဦးစားပေးအဖြစ် ဆောင်ရွက်ရန်လိုအပ်ကြောင်း သုတေသီများပြောကြား

ကမ္ဘာတစ်ဝန်းရှိ အသက်ငါးနှစ်အောက် ကလေးငယ်များ သေဆုံးရမှု၏ ၄၅ ရာခိုင်နှုန်းသည် အာဟာရချို့တဲ့မှုနှင့် သက်ဆိုင်နေသည်ဟု သုတေသနပညာရှင်များ၏ ပြောကြားချက်ကို သည်လန်းဆက်ဆေးဂျာနယ်တွင် ရေးသား ဖော်ပြထားသည်။

အာဟာရဓာတ်ချို့တဲ့မှုကြောင့် အသက်ငါးနှစ်အောက် ကလေးငယ်ဦးရေ ၃ ဒသမ ၁ ဘီလီယံခန့် နှစ်စဉ် သေဆုံးနေရသည်ဟု ဆိုသည်။ နိုင်ငံတကာ ကလေးသူငယ် စောင့်ရှောက်ရေးအသင်းက မိခင်ဝမ်းတွင်းသန္ဓေသားဘဝနှင့် ကလေးငယ်ဘဝတို့၏ အာဟာရချို့တဲ့ခြင်း အမျိုးမျိုးတို့ကို အစီရင်ခံစာတွင် ရေးသားထားသည်။

ကျန်းမာသောဘဝကိုရရှိရန် မိခင်ဝမ်းတွင်းသန္ဓေသားဘဝမှစကာ အသက် နှစ်နှစ်အရွယ်ထိ တစ်နည်းအားဖြင့် ဘဝအစ ရက်ပေါင်း ၁၀၀၀ အရွယ်သည် အာဟာရဓာတ်ပြည့်ပြည့်ဝဝရှိရန် လိုအပ်သည်ဟု ဆိုထားသည်။

လုံလုံလောက်လောက်

အဝလွန်ခြင်း၊ အာဟာရဓာတ် လုံလုံလောက်လောက် မရှိခြင်းတို့ကဲ့သို့သော အာဟာရချို့တဲ့မှုသည် နိုင်ငံ၏ စီးပွားရေးကို အကျိုးသက်ရောက်မှုရှိမည် ဖြစ်သည်။

မကြာသေးမီက ထုတ်ပြန်ခဲ့သော ကုလသမဂ္ဂအစီရင်ခံစာအရ အာဟာရချို့တဲ့မှုသည် လူတစ်ဦးချင်း၏ ကျန်းမာရေးစရိတ်အတွက် အမေရိကန်ဒေါ်လာ ၅၀၀ ကုန်ကျပြီး ပြည်တွင်းကုန်ထုတ်နိုင်မှုစွမ်းအားကိုလည်း လျော့ကျစေသည်ဟု ရေးသားထားသည်။

ကမ္ဘာပေါ်ရှိ နိုင်ငံများသည် အာဟာရပြည့်စုံလုံလောက်မှုကို ကမ္ဘာ့ဦးစားပေးအဖြစ်ဆောင်ရွက်ပါက နိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုကို တိုက်ဖျက်နိုင်မည်မဟုတ်ဟု သုတေသီများက သတိပေးထားသည်။

ကျင်းပ

ယူကေနှင့် ဘရာဇီးအစိုးရတို့မှ အိမ်ရှင်အဖြစ် ကျင်းပမည့် အာဟာရဖွံ့ဖြိုးရေး ထိပ်သီးအစည်းအဝေးအတွက် ဖွံ့ဖြိုးရေးဆိုင်ရာ ကျွမ်းကျင်သူများသည် လာမည့် ရက်သတ္တပတ်အကုန်၌ လန်ဒန်မြို့၌ စုဝေးမည်ဖြစ်သည်။ ယင်းအစည်းအဝေးကို ဂျီ-၈ နိုင်ငံခေါင်းဆောင်များ၏ နှစ်ပတ်လည်ထိပ်သီး အစည်းအဝေးပြီးနောက် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

နေခြည်-ရေးသားသည်

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

အပြောအဆိုတိမ်းချော်မှုကလေးများ

မောင်ခင်မင်(ဓနုဖြူ)

"ဟယ်. . ဒီလူ ကဗျာရေးတတ်ရဲ့သားနဲ့ ဘာဖြစ်လို့ ဒီနေရာမှာ ကာရန်လွတ်သွားရတာပါလိမ့်" ပြိုင်ပွဲဝင် ကဗျာတစ်ပုဒ်ကို ဖတ်ရှုစိစစ်ရင်း တစ်နေရာအရောက်တွင် ကျွန်တော့်နှုတ်က အထက်ပါအတိုင်း အသံထွက်သွားမိခြင်းဖြစ်သည်။

လွန်ခဲ့သောဆယ်နှစ်နီးပါးက ဖြစ်ပါသည်။ လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ တပ်မတော်နေ့များတွင် အထိမ်းအမှတ်ကဗျာပြိုင်ပွဲများ ကျင်းပလေ့ရှိရာ ထိုကဗျာများကို ကျွန်တော်တို့အဖွဲ့က စိစစ်အကဲဖြတ်ပေးရသည်။ ပြိုင်ပွဲဝင်တစ်ဦးမှာ ကဗျာအရေးကောင်းသည့်အတွက် မကြာခဏဆုရသည်။ ထိုနှစ်တွင်လည်း ထိုကဗျာရှင်က လေးလုံးစပ်ကဗျာရှည်ကြီး တစ်ပုဒ်ရေးဖွဲ့ကာ ပြိုင်ပွဲဝင်သည်။ သူ့ကဗျာကို ဖတ်နေစဉ် တစ်နေရာတွင် ဤသို့ တွေ့လိုက်ရသည်။

တို့သွေး တို့သက်
တို့လွတ်လပ်ရေး
ရယူပေးခဲ့။

ကဗျာတွင် တို့သွေးတို့သက်နှင့် တို့လွတ်လပ်ရေးမှာ ကာရန်မကိုက်ပါ။ ကာရန်ချော်နေပါသည်။ တစ်ပုဒ်လုံးကာရန်ကိုက်ပါလျက် ဤတစ်နေရာမှာ ဘာကြောင့် ကာရန်ချော်သွားရတာပါလိမ့်။ ကဗျာအရေးအဖွဲ့ နိုင်နင်းသူ၏ လက်ရာဖြစ်သည့်အတွက် စဉ်းစားရခက်နေပါသည်။ နောက်ကျမှ စဉ်းစားမိသည်။ ထိုကဗျာရှင်သည် 'လွတ်လပ်ရေး'ကို 'လွတ်လက်ရေး'ဟု အသံထွက်သူဖြစ်မည်။ သူ့အသံထွက်အရဆိုလျှင်တော့ 'တို့သွေးတို့သက်'နှင့် 'တို့လွတ်လက်ရေး' ကာရန်ညီသည်ပေါ့။ ထို့ကြောင့် ထိုအသံနှစ်သံကို အသံတူအဖြစ် ကာရန်ယူလိုက်ခြင်းဖြစ်ပုံရပါသည်။

ယနေ့လူငယ်အချို့သည် ဤကဗျာရှင်ကဲ့သို့ပင် -တ်(တသတ်သံ) နှင့် -က်(ကသတ်သံ)ကို ရောရောထွေးထွေး အသံထွက်နေကြသည်ကို သတိပြုမိပါသည်။ တက္ကသိုလ်အဆင့် မြန်မာစာသင်တန်းတစ်ခုတွင် ကျောင်းသူကလေးတစ်ယောက်က စာတစ်ပုဒ်ရေးပြီး သူ့ဆရာမကို သွားပြသည်။ ခေါင်းစဉ်ကို 'ကဗျာအတက်ပညာ'ဟုရေးထားသည့်အတွက် ဆရာမက "ဟဲ့ အတတ်ပညာလို့ ရေးရမှာကို ဘာဖြစ်လို့ အတက်ပညာလို့ရေးရတာလဲ၊ မှားနေပြီ"ဟု ပြောသောအခါ ထိုကျောင်းသူကလေးက 'သမီးငယ်ငယ်ကတည်းက အတက်ပညာလို့ပဲ အသံထွက်ပါတယ်ဆရာမ'ဟု ပြန်ဖြေကြောင်း ကြားလိုက်ရပါသည်။

'တ သတ်သံ'ကို 'က သတ်သံ' နှင့်မှားပြောတတ်သလို 'က သတ်သံကိုလည်း တသတ်သံ'နှင့် မှားပြောတတ်ကြပါသည်။ 'ဒါကိုဝယ်ရတာကမှ ခက်တာ' ဆိုသောစကားကို' ဒါကိုဝယ်ရတာကမှ ခတ်တာ'ဟု ပီပီသသ ပြောသည့်အသံတစ်သံကို ကြော်ငြာတစ်ခုမှာကြားလိုက်ရပါသည်။ 'ဒါနဲ့ ပတ်သက်လို့'ဆိုသောစကားကို 'ဒါနဲ့ပတ်သတ်လို့' ဟု ပြောပုံမျိုး၊ 'အတွက်' ကို ကသတ်သံနှင့် မပြောဘဲ တသတ်သံနှင့်ပြောပုံမျိုးကိုလည်း မကြာခဏကြားရပါသည်။

ဤသို့ 'ကသတ်သံ'နှင့် 'တသတ်သံ' အပြန်အလှန် ရောရောထွေးထွေး ပြောလေ့ရှိပုံများကို ကိုယ့်ပတ်ဝန်းကျင်တွင် အာရုံစိုက်နားထောင်ကြည့်လျှင် သတိပြုမိနိုင်လောက်ပါသည်။

နောက်တစ်မျိုးမှာ 'အန်း'ဟူသော အသံကို 'အဲန်'ဟု အင်္ဂလိပ်အသံလိုလို ခပ်ဝဲဝဲကလေး ပြောတတ်ကြခြင်းဖြစ်ပါသည်။ အခမ်းအနားများတွင် 'အခမ်းအနားစတင်ပါတော့မယ်' ဆိုသောစကားကို 'အခဲန်အနားစတင်ပါတော့မယ်' ဟု ပြောပုံမျိုးဖြစ်သည်။ တစ်ချိန်က ရန်ကုန်တွင် တပ်မတော်နေ့မတိုင်မီ စစ်ကြောင်းများလေ့ကျင့်မည့်လမ်းများကို ခေတ္တပိတ်ထားမည့်အကြောင်းရေဒီယို၊ တီဗွီများမှ ကြေညာရာတွင် စစ်ကြောင်းများ လေ့ကျင့်မည်ဖြစ်၍ အောက်ပါ 'လဲန်'များကို ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း အစချီပြီး ဦးဝိစာရလဲန်၊ ဓမ္မစေတီလဲန် စသည်ဖြင့် ကြေညာသည်ကို မကြာခဏကြားရသည်။ ရေဒီယိုများတွင် 'ပုဂံ'ကို 'ဗဂန်'ဟု ပီပီသသ အသံမထွက်ဘဲ 'ဗဂယ်န်' ဟုခပ်ဝဲဝဲကလေးအသံထွက်လေ့ရှိသည်ကို မကြာခဏကြားရတတ်ပါသည်။ "ဒီနေ့ လူငယ်တချို့ဟာ မြန်မာစကားကို အင်္ဂလိပ်သံနဲ့ပြောပြီး အင်္ဂလိပ်စကားကိုကျတော့ မြန်မာသံနဲ့ ပြောနေကြတယ်။ အခမ်းအနားကို 'အခဲန်းအနား'လို့ အင်္ဂလိပ်သံနဲ့ ပြောပေမယ့် Thesis လို စကားလုံးမျိုးကျတော့ နောက်က -s သံမပါဘဲ 'ကျွန်မ 'သီးဆစ်' လုပ်နေတယ်ဆိုတာမျိုး ပြောနေကြတယ်"ဟု ဟာသလုပ်၍ ပြောကြသည်ကို ကြားရတတ်ပါသည်။

နောက် အသံထွက်အမှားတစ်မျိုးမှာ အင်္ဂလိပ်စကားလုံးအချို့ကို သေသေချာချာမသိသည့်အတွက် အသံချင်းဆင်တူယိုးမှားဖြစ်သောစကားလုံးများနှင့် မှားပြောသောအမှားဖြစ်ပါသည်။ လူငယ်အချို့၏ နှုတ်ဖျားမှ မကြာခဏကြားနေရသော အမှားနှစ်ခုကို သတိထားမိပါသည်။ တစ်ခုမှာ Serial (ဆီရီယယ်)ကို Senior (စီနီယာ)ဟု မှားပြောခြင်းဖြစ်သည်။ 'အစဉ်အလိုက်'ဟု အဓိပ္ပာယ်ရသော 'ဆီရီယယ်'ကို မသိသည့်အတွက် အသံချင်း ဆင်တူယိုးမှားဖြစ်သော 'စီနီယာ'နှင့်မှားပြီး 'စီနီယာအတိုင်း လက်မှတ်တွေထုတ်ပေးပါလိမ့်မယ်။ ကျွန်မရဲ့ စီနီယာနံပါတ်ကတော့' ဆိုသောစကားမျိုးကို ရာထူးခပ်ကြီးကြီးဖြစ်နေသူများပင် ပြောနေကြသည်ကို ကြားရပါသည်။ Serial number (အမှတ်စဉ်)ကို စီနီယာနံပါတ်ဟု မှားပြောခြင်းဖြစ်ပါသည်။

နောက်အမှားတစ်ခုမှာ bias (ဘိုင်းယပ်စ်) (ဘက်လိုက်ခြင်း) ဆိုသောစကားကို အသံဆင်တူယိုးမှားဖြစ်သော Virus (ဗိုင်းရပ်စ်) (ရောဂါ ပိုးမွှား) နှင့်မှားပြီး ပြောတတ်ခြင်းဖြစ်သည်။ အရာရှိ အမျိုးသမီးတစ်ယောက်က သူဘက်မလိုက်တတ်ကြောင်းကို 'ကျွန်မမှာ ဗိုင်းရပ်စ်မရှိပါဘူး'ဟု ပြောရာ အနားက အမျိုးသားတစ်ယောက်က 'ဒါဖြင့် ခင်ဗျားက ရောဂါကင်းတာပေါ့နော်' ဟု နောက်တောက်တောက်ပြန်ပြောသည်။ ထိုအမျိုးသမီးမှာ သူ အသံထွက်မှား၍ နောက်ပြောင်သည်ကို သိပုံပင်မပေါ်ပါ။ 'ဘိုင်းယပ်စ်မရှိပါဘူး' ဆိုသောစကားကို အမှတ်မှားပြီး 'ဗိုင်းရပ်စ်မရှိပါဘူး'ဟု ပြောခြင်းဖြစ်ကြောင်း ထင်ရှားပါသည်။

အမှတ်မထင်ပြောဆိုရာမှ အပြောအဆိုတိမ်းချော်မှုကလေးများ ဖြစ်ပေါ်လာတတ်ပါသည်။ သတိထား၍ ပြောဆိုလျှင် အတိမ်းအချော်များ ပျောက်ကွယ်သွားပါလိမ့်မည်။

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်တွင် မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေး အခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၇

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်တွင် မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးအခမ်းအနားကို မေ ၃၁ ရက်က သာကေတမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရေးနှင့် ဆင်းရဲနွမ်းပါးသောကလေးများ ကျောင်းနေနိုင်ရေးအတွက် နိုင်ငံတော်မှ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဒေသခံမိဘပြည်သူများ၊ ဆရာ ဆရာမများပူးပေါင်းပါဝင်ကာ အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံမှုမြင့်မားရေးအတွက် ၂၀၀၀ ခုနှစ်မှစတင်ကာ မြန်မာတစ်နိုင်ငံလုံးရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် နှစ်စဉ် မေ နောက်ဆုံးရက်သတ္တပတ်ကို ကျောင်းအပ်နှံရေးနေ့အဖြစ် သတ်မှတ်ကာပြုလုပ်ခြင်းဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးက ပြောကြားသည်။

အဆိုပါ အခမ်းအနားတွင် ကျောင်းသုံးစာအုပ်၊ ဗလာစာအုပ် ခြောက်အုပ်နှင့် ငွေကျပ်တစ်ထောင်တို့ကို အခြေခံပညာမူလတန်းအဆင့် ကျောင်းသားကျောင်းသူများအား ပညာရေးဌာနမှ ပေးအပ်ခဲ့ပြီး အလှူရှင်များကလည်း ဆင်းရဲနွမ်းပါးကလေးငယ်များအတွက် ငွေကျပ် ၂၃ သိန်းတန်ဖိုးရှိ ကျောပိုးအိတ်၊ ထီးနှင့် ကွန်ပါဘူးများလှူဒါန်းခဲ့ကြောင်း သိရသည်။

ရဲခေါင်ညွှန့်

ကုန်စည်ပြပွဲနှင့် စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် ဇွန် ၇

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ထိုင်းနိုင်ငံစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နိုင်ငံတကာကုန်သွယ်မှုမြှင့်တင်ရေးဌာန (DITP)တို့ ပူးပေါင်းစီစဉ်မှုဖြင့် ထိုင်းရက်သတ္တပတ် ကုန်စည်ပြပွဲ (Thailand Week 2013)ကို ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ်ခန်းမကြီး၌ ဇွန် ၈ ရက်မှ ၁၁ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ခင်းကျင်းပြသမည်ဖြစ်သည်။

ပြပွဲတွင် လယ်ယာသုံးစက်ကိရိယာများ၊ စားသောက်ကုန်များ၊ အလှကုန်ပစ္စည်းများ၊ အီလက်ထရွန်နစ်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ပါဝင်မည်ဖြစ်သည်။ ပြပွဲတွင် မြန်မာနိုင်ငံ၌ ခင်းကျင်းပြသခြင်းမရှိသေးသည့် ထိုင်းထုတ်ကုန်ပစ္စည်းအသစ်အဆန်းများ ပါဝင်မည်ဖြစ်သည်။

ပြပွဲဖွင့်လှစ်သည့် ဇွန် ၈ ရက်နေ့တွင် မြန်မာ-ထိုင်းကုန်သွယ်မှု တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ထိုင်းထုတ်ကုန်ပစ္စည်းများကို မြန်မာနိုင်ငံ၌ တရားဝင်ဖြန့်ဖြူးရောင်းချပေးမည့် အရောင်းကိုယ်စားလှယ်ကြီးများ ရရှိနိုင်ရေးအတွက် မြန်မာ-ထိုင်း စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံပွဲကို ကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံအတွင်းသို့ ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှ မေလအထိ ထိုင်းစီးပွားရေးလုပ်ငန်းရှင်အဖွဲ့ပေါင်း ၂၀ လာရောက်ခဲ့ပြီး မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့် ကုန်သွယ်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် တွေ့ဆုံဆွေးနွေးခဲ့ကြပြီး မြန်မာ-ထိုင်း နယ်စပ် ကုန်သွယ်ရေးစခန်း(ဂိတ်)များကိုလည်း တရားဝင်ဖွင့်လှစ်၍ အခွန်ကောက်ခံပြီး နှစ်နိုင်ငံ ကုန်သွယ်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း ထိုင်းစီးပွားရေးသံရုံးမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

အောင်သူရ

ဓာတ်ဆီဖြည့်မှုသတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများ ပြုလုပ်စဉ် ပွတ်တိုက်မှု (Friction)မှ သဘာဝတည်ငြိမ်လျှပ်စစ် (Static Electricity)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြု ရှောင်ကြဉ်ကြပါရန်။

စင်ကာပူဖိတ်ခေါ်အလွတ်တန်းကျွမ်းဘားပြိုင်ပွဲ ၂၀၁၃ မြန်မာကျွမ်းဘားအဖွဲ့ သွားရောက်ယှဉ်ပြိုင်

ရန်ကုန် ဇွန် ၇

စင်ကာပူနိုင်ငံတွင် ဇွန် ၆ ရက်မှ ၉ ရက်အထိ ကျင်းပမည့် SINGAPORE OPEN GYMNASTICS COMPETITION-2013 ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံကျွမ်းဘားအဖွဲ့ချုပ် အမှုဆောင် ဦးခင်မောင်ဝင်း ဦးဆောင်သော အားကစားအဖွဲ့ဝင်တို့သည် ဇွန် ၆ ရက် နံနက် ၉ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် စင်ကာပူနိုင်ငံသို့ ထွက်ခွာသွားရာ မြန်မာနိုင်ငံကျွမ်းဘားအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာကျွမ်းဘား အားကစားအဖွဲ့တွင် နည်းပြ Mr. DENG HUA-QING၊ စားသမားများအဖြစ် အောင်ခန့်ဇော်၊ ဇင်လင်းအောင်နှင့် မျိုးဇော်ဦးတို့ လိုက်ပါသွားကြပြီး အဆိုပါပြိုင်ပွဲတွင် Floor Exercises Pommel, Rings, IVault ,I parallel bars, I Horizontal bar အားကစားနည်းခြောက်မျိုး၌ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

တင်စိုး(မြန်မာ့အလင်း)

မြန်မာ့ပတ္တမြားနှင့်နီလာစာအုပ်၊ မြန်မာ့ကျောက်စိမ်းစာအုပ်တို့ဖြင့်
အမျိုးသားစာပေဆု(၂)ဆု ဆွတ်ခူးရရှိထားသူ
ဂုဏ်ထူးဆောင်ဘူမိဗေဒပါမောက္ခ၊ ရန်ကုန်တက္ကသိုလ်
ဒုတိယပါမောက္ခချုပ်(ငြိမ်း)
ဦးညဏ်သင်း ၏

"ကြည်လင်သန့်ရှင်းအပြစ်ကင်း(Clarity)နှင့် သွေးကွက်(CUT) လက်ရာကျောက်မျက်ရတနာတို့၏ ဂုဏ်အင်္ဂါများ" စာအုပ်ကို
ရောင်စုံဓာတ်ပုံများ ဝေဝေဆာဆာဖြင့် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်မှ ထုတ်ဝေဖြန့်ချိလိုက်ပါပြီ။
အမှတ်-၂၉၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၂၃၀၀၁၅၉

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများဆိုင်ရာ ဆွေးနွေး

နေပြည်တော် ဇွန် ၇

ဆီအုန်းတိုးချဲ့စိုက်ပျိုးရေးကဏ္ဍများ၊ ဆီအုန်းသန့်စင်စက်ရုံ တည်ဆောက်ရေးဆိုင်ရာများ၊ နာနတ်သီးကုန်ချော စက်ရုံတည်ဆောက်ရေးဆိုင်ရာများနှင့် ဆန်စပါးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ စိုက်ပျိုးထုတ်လုပ်သည်မှ တန်ဖိုးမြင့်ကုန်ချောထုတ်လုပ်၍ ဈေးကွက်သို့တင်ပို့ရောင်းချရေးနှင့် ကုန်ချောထုတ်စက်ရုံအပါအဝင် ရင်းနှီးမြှုပ်နှံမှုများကို နှစ်ဖက်ယုံကြည်စွာဖြင့် ပူးပေါင်းအကောင်အထည်ဖော်ကြရန်၊ တောင်သူလယ်သမားများ ဝင်ငွေတိုးတက်စေရေးနှင့် လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရေးတို့အား အခြေခံ ဦးတည်ချက်ဖြင့် အကောင်အထည် ဖော်ကြရန်တို့ကို လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် အင်ဒိုနီးရှားနိုင်ငံ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Dr. Rusman Heriawan ဦးဆောင်သော ရင်းနှီးမြှုပ်နှံမှုကိုယ်စားလှယ်အဖွဲ့တို့သည် ယမန်နေ့ နံနက် ၈ နာရီခွဲတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

အလားတူ လန်ဒန်မြို့အခြေစိုက် Unilever U.K Central Resources Ltd. မှ Chief Operating Officer Mr. Harish Manwani ဦးဆောင်သည့် ရင်းနှီးမြှုပ်နှံမှုအဖွဲ့နှင့် သီးခြားတွေ့ဆုံ၍ လက်ဖက်အခြေခံ အဆင့်မြင့်ထုတ်ကုန်များ စိုက်ပျိုးထုတ်လုပ်ရေး၊ နေကြာဆီသန့်စက်ရုံနှင့် နေကြာကုန်ချောအခြေခံစက်ရုံ တည်ဆောက်ရေးကိစ္စများတွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်ရန် Unilever အနေဖြင့် တောင်သူလယ်သမားများ ဖွံ့ဖြိုးတိုးတက်စေရေး အခြေခံရည်ရွယ်ချက်ထားရှိ၍ နှစ်ဖက်ယုံကြည်မှုအပြည့်အဝဖြင့် အမြန်ဆုံးစတင်ဆောင်ရွက်သွားရန် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မုတ်သုံလေ အားကောင်းမည်

နေပြည်တော် ဇွန် ၇

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် ဒေသအလိုက်နှင့် ရန်ကုန်တိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဟုမ္မလင်းမြို့တွင် ၅ ဒသမ ၀၁ လက်မ၊ ရန်ကုန်တိုင်းဒေသကြီး(ဒဂုံမြို့သစ်တောင်ပိုင်း)တွင် ၄ ဒသမ ၃၃ လက်မ၊ ကသာမြို့တွင် ၃ ဒသမ ၁၆ လက်မ၊ စစ်တွေမြို့တွင် ၂ ဒသမ ၉၅ လက်မ၊ မာန်အောင်မြို့တွင် ၂ ဒသမ ၆၀ လက်မနှင့် မိုးကုတ်မြို့တွင် ၂ ဒသမ ၂၀ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေအားကောင်းမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း (Training Center-2) ၌ အားကစားသမားများလေ့ကျင့်

နေပြည်တော် ဇွန် ၇

နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ပြေးခုန်ပစ်အားကစားသမားများ၏ လေ့ကျင့်နေမှုများကို အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်သည် ယနေ့ နံနက် ၈ နာရီတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် Training Center-2 ၌ လက်ဝှေ့၊ ဝူရှူး (ဆန်းဆို၊ ထောက်လု)၊ သေနတ်ပစ်၊ အလေးမ၊ ပြေးခုန်ပစ်၊ ပန်ကြပ်ဆီလတ်၊ ကျွမ်းဘား၊ နပန်း၊ ကမ်ပို၊ ဂျူဒို၊ ကရာတေးဒို၊ ဘိလိယက်နှင့် စနူကာ အားကစားသမားများ လေ့ကျင့်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ **(ဓါတ်ပုံ)**

ယင်းနောက် အားကစားဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ မလေးရှားနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့သို့ Joint Training သွားရောက်မည့် ဟော်ကီ၊ ကရာတေးဒိုနှင့် ကြက်တောင်အားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများအား တွေ့ဆုံခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၇

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် Junior Golf Myanmar က ကြီးမှူး၍ 2nd Junior Golf Myanmar Tournament 2013 လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲဖွင့်ပွဲကို ဇွန် ၆ ရက် နံနက် ၇ နာရီတွင် မြို့တော်ဂေါက်ကွင်း (ငွေသော်တာ) ၌ ကျင်းပရာ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးအောင်ကြည်၊ ဦးမင်းသိန်း၊ ဦးတင့်ဦး၊ အထွေထွေအတွင်းရေးမှူး ဦးအောင်လှဟန်နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်လူငယ်ဂေါက်သီးရိုက်အားကစားသမားများ တီခုံ (၁) (1st Tee) ၌ နေရာယူကြပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ အတွင်းရေးမှူး ဦးကျော်စိုး၊ ကော်မတီဝင် (၇) ဦးစိုးစည်၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် ဦးတင့်ဦးတို့က ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကာ ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲကို စတင်ကျင်းပသည်။

ပြိုင်ပွဲတွင် ဂေါက်သီးရိုက်အားကစားသမားစုစုပေါင်း ၃၆ ဦးပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

နယ်စပ်ရေးရာဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးလက်လမ်း၊ တံတားနှင့်ရေပေးရေးလုပ်ငန်းများ

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် နယ်စပ်ရေးရာဝန်ကြီးဌာနလက်အောက်တွင် ယခင်စည်ပင်သာယာရေးဦးစီးဌာနကို ပြင်ဆင်ပြောင်းလဲဖွဲ့စည်းပြီး ကျေးလက်ဒေသနေ ပြည်သူများ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတို့အတွက် နိုင်ငံတော်မှ ချမှတ်ထားသော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနှင့်အညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ်(၈)ရပ်ကို အကောင်အထည်ဖော်လျက်ရှိသည့် ဆက်စပ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ ပြည်တွင်း ပြည်ပ နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများဖြင့်ပေါင်းစပ်၍ နိုင်ငံတော်၏ ခွင့်ပြုထောက်ပံ့ငွေနှင့် ဒေသမှ အခွန်အခရရှိငွေများဖြင့် ကျေးလက်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုလမ်းများ၊ တံတားများ၊ ရေပေးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးလက်လမ်း၊ တံတားလုပ်ငန်းများနှင့် ရေပေးရေးလုပ်ငန်းများကို (K.Z.E.N)ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်က တာဝန်ယူလုပ်ကိုင်ဆောင်ရွက်ရာ၌ ယခုအခါ ကျေးလက်လမ်း၊ တံတားလုပ်ငန်းများနှင့် ရေပေးရေးလုပ်ငန်းများ ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကျေးလက်လမ်းလုပ်ငန်း

တောင်ကြီးမြို့နယ် ဟိုနား-ညောင်စင်-ရေပုတ်လမ်း၊ ဖရဲ-ဖာမွန်းလမ်း၊ ကလောမြို့နယ် ဘုရားဖြူ-လေသာကုန်း- ဂနုံ- ကုန်းလှလမ်း၊ ရပ်စောက်မြို့နယ် ဗထူး-မုံပြင်လမ်း၊ ပင်ဖြစ်-ဆတ်သေလမ်းတို့ကို ကျောက်ခင်းလမ်းအဖြစ် ၁၀ မိုင်ခန့်ကိုလည်းကောင်း၊ ဖယ်ခုံမြို့နယ်-လအိ-ပီကင်းလမ်းကို မြေသားလမ်းအဖြစ် မိုင် ၂၀ ခန့်ကိုလည်းကောင်း၊ ညောင်ရွှေမြို့နယ် ခေါင်တိုင်-အင်းတိန်လမ်းပိုင်းကို ကတ္တရာလမ်းအဖြစ် ၁၀ မိုင်ခန့်ကိုလည်းကောင်း နိုင်ငံတော်မှ ခွင့်ပြုငွေကျပ်သန်း ၁၃၆၆ ဒသမ ၉၇ ဖြင့် ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှ လုပ်ငန်းများစတင်လုပ်ကိုင်ခဲ့ပြီး မတ်လတွင် လမ်းလုပ်ငန်းများပြီးစီးခဲ့သည်။

တံတားလုပ်ငန်း

တောင်ကြီးမြို့နယ် တောင်လေးလုံး- သံလွန်း- သမံတလင်းတံတား၊ ဟိုနား- ညောင်စင်- ရေပုတ်လမ်းတံတား၊ ကလောမြို့နယ် အင်းဝန်း-ဘုရားဖြူတံတား၊ ညောင်ရွှေမြို့နယ် သာယာကုန်း- တီကာတံတား၊ ရပ်စောက်မြို့နယ် ရပ်စောက်- မကျီးကုန်းလမ်းတံတားအမှတ် (၁)၊ တံတားအမှတ်(၂)၊ တံတားအမှတ်(၄)၊ ဖယ်ခုံမြို့နယ် ကန့်ကလိုရွာတံတား၊ စက်တော်တံတား၊ လွယ်လုံတံတား၊ မိုင်းရှူးမြို့နယ် မိုင်းရှူး-မော်မေ့လမ်းတံတား၊ လဲချားမြို့နယ် လဲချား-ပုံ တိုက်လမ်းတံတားအမှတ်(၁)နှင့် တံတားအမှတ်(၂) စသည့် သစ်သားတံတား ၁၄ခုတို့ကို နိုင်ငံတော်မှ ခွင့်ပြုငွေကျပ် သန်း ၈၈ ဒသမ ၂၀ဖြင့် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလမှ လုပ်ငန်းစတင်ကာ ဧပြီ၌ လုပ်ငန်းများ ပြီးစီးခဲ့သည်။

ရေပေးရေးလုပ်ငန်း

တောင်ကြီးမြို့နယ် လွယ်တော်ကျေးရွာအုပ်စုရှိ လွယ်တော်၊ စခဲ၊ ထီတရွတ်(ဇလဲတောင်)ရွာများ၊ နန်းဟူးကျေးရွာအုပ်စုရှိ ပေါမူရွာ၊ မင်္ဂလာကျေးရွာအုပ်စုရှိ ကောင်းနိန်းရွာ၊ ပန်းတင်ကျေးရွာအုပ်စုရှိ စခွီးရွာ၊ ကလောမြို့နယ် လမိုင်းကျေးရွာအုပ်စုရှိ လမိုင်းကျင်းရွာ၊ မြင်းမထိကျေးရွာအုပ်စုရှိ တောင်ကြီးခြေရွာ၊ ရပ်စောက်မြို့နယ် ကောင်းဘို့ကျေးရွာအုပ်စုရှိ ယမ်းတွင်းရွာ၊ လွိုင်လင်မြို့နယ် မိုင်းပွန်ကျေးရွာအုပ်စုရှိ မိုင်းပွန်ရွာ၊ မိုင်းရှူးမြို့နယ် မော်မေ့ကျေးရွာအုပ်စုရှိ မော်မေ့ရွာတို့တွင် ရေပေးရေးလုပ်ငန်းကို နိုင်ငံတော်မှ ခွင့်ပြုငွေကျပ် သန်း ၁၆၀ ဖြင့် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလမှ စတင်လုပ်ကိုင်ခဲ့ပြီး မတ်လတွင် လုပ်ငန်းများပြီးစီးခဲ့ကြောင်း သိရသည်။

သို့ပါ၍ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ကျေးလက်ဒေသဖွံ့ဖြိုးမှုဖြစ်သည့် လမ်း/တံတားများနှင့် ရေရရှိရေးတို့ကို အချိန်မီပြီးစီးပြီဖြစ်သည့်အတွက် ကျေးလက်နေပြည်သူများ၊ ဒေသခံများတို့သည် လမ်းပန်းဆက်သွယ်မှုကောင်းလာသည်နှင့်အမျှ တစ်နေရာမှတစ်နေရာသို့ သွားလာရာတွင် အခက်အခဲမရှိ သွားလာနိုင်ပြီဖြစ်ပြီး ရေရရှိလာသည့်အတွက်လည်း သောက်ရေသုံးရေများ အဆင်ပြေလာပြီဖြစ်ပါ၍ယခုအခါ ဒေသခံပြည်သူများသည် ပျော်ရွှင်မှုနှင့်အတူ ဝမ်းပန်းတသာရှိနေပါကြောင်း။ **ဦးမောင်(သဲကုန်း)**

ဗီယက်နမ်တွင် ခြေစမ်းပွဲများကစားရန် မြန်မာယူ-၂၃ အသင်းထွက်ခွာ

ရန်ကုန် ဇွန် ၇

ဗီယက်နမ်နိုင်ငံတွင် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန်အတွက် မြန်မာယူ -၂၃ အသင်းသည် ယနေ့ နေ့လယ်ပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။ **(အပေါ်ပုံ)**

မြန်မာယူ-၂၃ အသင်းတွင် အုပ်ချုပ်သူ ဦးတင်မြင့်အောင်၊ နည်းပြချုပ် ပတ်ဆောင်ဟွာ၊ လက်ထောက်နည်းပြ ဦးဇော်ဝင်းထွန်း၊ ကြံ့ခိုင်ရေးနည်းပြ ဟာဟေဂျွန်၊ ဂိုးနည်းပြ ဦးမျိုးချစ်၊ မီဒီယာတာဝန်ခံ ဦးစိုးမိုးကျော်၊ ဘာသာပြန် ဦးအောင်သူရ၊ ဆရာဝန် ဒေါက်တာအောင်ကျော်ဦး၊ **ဂိုးသမား** ပြည့်ဖြိုးအောင်၊ ကျော်ဇင်ဖြိုး၊ **နောက်တန်း**- ရဲဇော်ထက်အောင်၊ ဇော်မင်းထွန်း၊ ရဲဝင်းအောင်၊ သက်နိုင်၊ အောင်ဟိန်းကျော်၊ သိန်းသန်းဝင်း၊ အောင်ဇော်၊ **အလယ်တန်း**- ဖြိုးကိုကိုသိန်း၊ နန္ဒလင်းကျော်ချစ်၊ နိုင်လင်းဦး၊ ကြည်လင်း၊ စည်သူအောင်၊ ရဲလင်းအောင်၊ ရန်အောင်ဝင်း၊ **ရှေ့တန်း**- ကျော်ဇေယျာဝင်း၊ ဒွေးကိုကိုချစ်၊ စိုးပိုင်သွေး၊ ချစ်မင်းစိုးနှင့် စိုးကျော်ကျော်တို့ လိုက်ပါသွားကြသည်။

မြန်မာအသင်းသည် ဇွန် ၉ ရက်တွင် V-league ကလပ် ဒေါင်နိုင်းအသင်း ဇွန် ၁၁ ရက်တွင် ဗီယက်နမ်ယူ-၂၃ အသင်းတို့နှင့် ခြေစမ်းကစားမည်ဖြစ်သည်။ **ဖိုးသော်ဇင်**

တရုတ်နိုင်ငံသို့ မြန်မာစက်ဘီးအဖွဲ့ထွက်ခွာ

ရန်ကုန် ဇွန် ၇

ဇွန် ၁ ရက်မှ ဩဂုတ် ၃၁ရက်ထိ သုံးလကြာ စက်ဘီးအားကစားနည်း ပူးတွဲလေ့ကျင့်မှုများပြုလုပ်ရန် အဖွဲ့ခေါင်းဆောင်တစ်ဦး၊ နည်းပြတစ်ဦးနှင့် အားကစားသမား ၁၀ ဦးပါဝင်သော မြန်မာစက်ဘီးအားကစားအဖွဲ့သည် တရုတ်နိုင်ငံသို့ ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတဦးသိန်းစိန် ဖိလစ်ပိုင်နိုင်ငံသမ္မတအား လက်ခံတွေ့ဆုံ

လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကဏ္ဍများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များဆွေးနွေး

နေပြည်တော် ဇွန် ၇

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည်(၂၂)ကြိမ်မြောက် အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ် တက်ရောက်ရန် ရောက်ရှိနေသည့် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘီနင်နိုအကွီနို ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော် သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံ တွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးသန်းဌေး၊ ဦးဇေယျာအောင်၊ ဒေါက်တာကိုကိုဦး၊ ဒုတိယဝန်ကြီး ဦးရဲထွဋ်၊ ဦးအောင်သန်းဦးနှင့် ဌာနဆိုင်ရာအကြီးအကဲ များ တက်ရောက်ကြပြီး ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံ ဆိုင်ရာဖိလစ်ပိုင်နိုင်ငံ သံအမတ်ကြီး တက်ရောက်သည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးတက် ခိုင်မာရေး၊ စိုက်ပျိုးရေး၊ သတ္တုတူးဖော်ရေး၊ လျှပ်စစ် ဓာတ်အားထုတ်လုပ်ရေးကဏ္ဍများတွင် အစိုးရချင်း သာမက ပုဂ္ဂလိကပိုင်းတွင်ပါ အကျိုးတူပူးပေါင်းဆောင် ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးခင်မင်စွာ အမြင် ချင်းဖလှယ် ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ရွှေဘုံရတနာမင်္ဂလာနန်းတော်နှင့် မြနန်းစံကျော်ရွှေနန်းတော်တို့၏ စီမံခန့်ခွဲခွင့်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့များသို့ လွှဲပြောင်းပေး

နေပြည်တော် ဇွန် ၇

ရွှေဘိုမြို့ရှိ ရွှေဘုံရတနာမင်္ဂလာ နန်းတော်နှင့် မန္တလေးမြို့ရှိ မြနန်းစံ ကျော်ရွှေနန်းတော်၊ ရတနာပုံ နန်းမြို့ ရိုးတို့၏စီမံခန့်ခွဲခွင့်ကို သက်ဆိုင် ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ များသို့ ယနေ့နံနက် ၁၀ နာရီတွင် ယဉ်ကျေးမှုဝန်ကြီးဌာန အစည်း အဝေးခန်းမ၌ လွှဲပြောင်းပေးသည့်

အခမ်းအနားတွင် ပြည်ထောင်စု ဝန်ကြီး ဦးအေးမြင့်ကြူက ယဉ်ကျေး မှု အမွေအနှစ်များ ထိန်းသိမ်းရေး၊ ပြတိုက်နှင့် စာကြည့်တိုက်များကို တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ် က စီမံခန့်ခွဲခွင့်ရှိသည်ဟု ပြဋ္ဌာန်း ထားသည့်အတွက် သက်ဆိုင်ရာ အစိုးရအဖွဲ့များ အနီးကပ်ကြီးကြပ် စီမံခန့်ခွဲဆောင်ရွက်နိုင်ရန် လွှဲ ပြောင်းပေးခြင်းဖြစ်ကြောင်း၊ ရှေး ဟောင်းသမိုင်းဝင် အဆောက်အအုံ များဖြစ်သည့်အတွက် သတ်မှတ်ချက် များနှင့်အညီ စနစ်တကျစီမံခန့်ခွဲ၍ ပြုပြင်ထိန်းသိမ်းသွားရန်လိုကြောင်း၊ နိုင်ငံတကာအဆင့်မီ Historical Park များဖြစ်လာအောင် သတ်မှတ် ချက်များနှင့်အညီ Visitor Facilities များ တိုးမြှင့်တည်ဆောက်၍ ပြည်တွင်းပြည်ပ ဧည့်သည်များကို ဝန်ဆောင်မှုပေးခြင်းများ ဆက်လက် ဆောင်ရွက်သွားရန် ဖြစ်ကြောင်း ပြောကြားသည်။ **(အောက်ဝဲပုံ)**

အခမ်းအနားတွင် ရှေးဟောင်း သုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ်နှင့် စစ်ကိုင်းတိုင်းဒေသ ကြီး၊ မန္တလေးတိုင်းဒေသကြီးအစိုးရ အဖွဲ့တို့မှ အတွင်းရေးမှူးများက ရွှေဘိုမြို့ ရွှေဘုံရတနာမင်္ဂလာ နန်းတော်နှင့် မန္တလေးမြို့ မြနန်းစံ ကျော်ရွှေနန်းတော်၊ ရတနာပုံနန်းမြို့ ရိုးတို့၏ စီမံခန့်ခွဲခွင့်လွှဲပြောင်းပေး ခြင်းဆိုင်ရာ သဘောတူညီချက်ကို လက်မှတ်ရေးထိုး၍ လွှဲပြောင်းပေး အပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပညာရေးကောလိပ် ဆရာ ဆရာမများအတွက် သင်ကြားနည်းစနစ်များပို့ချနိုင်ရေး ညှိနှိုင်းဆွေးနွေး

နေပြည်တော် ဇွန် ၇

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးအား Singapore Senior Minister of State for Law and Education Member of Parliament for Tanjong Pager GRC Ms. Indranee Rajah နှင့်အဖွဲ့သည် ယမန်နေ့နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး ပညာရေးကောလိပ်ဆရာဆရာမများ အတွက် စင်ကာပူပညာရေးကောလိပ် ဆရာဆရာမများလာရောက်ပြီး သင်ကြားနည်းစနစ်များ ပို့ချနိုင်ရေးကိစ္စများကို ညှိနှိုင်းဆွေးနွေးကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် နော်ဝေနိုင်ငံကြက်ခြေနီအသင်းတို့၏ ပူးပေါင်းဆောင်ရွက်မှု စာချွန်လွှာလက်မှတ်ရေးထိုးပွဲ ကျင်းပပြုလုပ်

ရန်ကုန် ဇွန် ၇

မြန်မာနိုင်ငံကြက်ခြေနီအသင်း နှင့် နော်ဝေနိုင်ငံကြက်ခြေနီအသင်း တို့၏ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ် ရေးထိုးပွဲကို ဇွန် ၅ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ရန်ကုန်ရုံးခွဲ သင်တန်းခန်းမ၌ကျင်းပရာမြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသာလှရွှေနှင့် အမှုဆောင် အဖွဲ့ဝင်များ၊ ဌာနမှူးများ၊ နော်ဝေ နိုင်ငံကြက်ခြေနီအသင်းမှ ဥက္ကဋ္ဌ မစ္စတာ Sven Mollekleiv နှင့် အဖွဲ့ဝင်များ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းမှ ဌာနေကိုယ်စားလှယ်၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ ကော်မတီမှ ဌာနေကိုယ်စားလှယ်၊ မိတ်ဖက်ကြက်ခြေနီ အသင်းများမှ ဌာနေကိုယ်စားလှယ်များ၊ ဖိတ်ကြား ထားသော ဧည့်သည်တော်များနှင့် ပြည်တွင်းပြည်ပ မီဒီယာများမှ သတင်းစာဆရာများ တက်ရောက် ခဲ့ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌနှင့် နော်ဝေ နိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌတို့က ပူးပေါင်းဆောင်ရွက်မှု စာချွန်လွှာ အား လက်မှတ်ရေးထိုးခဲ့ကြပြီး အသိ သက်သေများအဖြစ် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ အထွေထွေ အတွင်းရေးမှူးက လည်းကောင်း၊ နော်ဝေကြက်ခြေနီအသင်းမှ အာရှ ဒေသဆိုင်ရာ ကိုယ်စားလှယ်က လည်းကောင်း လက်မှတ်ရေးထိုးခဲ့ ကြသည်။

ယနေ့ လက်မှတ်ရေးထိုးသော ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာအရ နော်ဝေကြက်ခြေနီမှ အကူအညီပေး သော အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၁ သန်းအား မြန်မာပြည်သူလူထု အတွက် မြန်မာနိုင်ငံကြက်ခြေနီ အသင်းမှ ရပ်ရွာအခြေပြု ဘေး အန္တရာယ်လျော့ပါးရေးနှင့် မြို့ပြ ဘေးအန္တရာယ် လျော့ပါးရေးစီမံချက်၊ အရေးပေါ်အခြေအနေတွင် လိုအပ် သော ကယ်ဆယ်ရေးဝန်ဆောင် မှုများအတွက် အရေးပါသည့် ကြက်ခြေနီ ထောက်ပံ့ပို့ဆောင်ရေး ကဏ္ဍ တိုးတက်ဖွံ့ဖြိုးရေးစီမံချက်၊ အရေးပေါ်အခြေအနေများ၌ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ အကူအညီပေးရေးစီမံချက်နှင့် မိခင်၊ မွေးကင်းစ ကလေးငယ်များနှင့် ကလေးများ၏ ကျန်းမာရေးစောင့် ရှောက်မှုစီမံချက်များကို နှစ်နှစ်တာ ကာလအတွင်း ဆောင်ရွက်မည်ဖြစ် ကြောင်း သိရှိရသည်။

ထို့နောက် နှစ်ဖက်ကြက်ခြေနီ အသင်းများ၏ ဥက္ကဋ္ဌများက တက် ရောက်လာသော သတင်းစာဆရာ များ၏ မေးခွန်းများကို ပြန်လည်ဖြေ ကြားပြီး အခမ်းအနားကို မွန်းလွဲ ၁ နာရီခွဲတွင် အောင်မြင်စွာ ရုပ်သိမ်း ခဲ့ကြောင်း သိရှိရသည်။ **မိုးသူဇာစိုး**

ကယားပြည်နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆောင်ရွက်

လွိုင်ကော် ဇွန် ၇

ကယားပြည်နယ် အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကျေးလက်လမ်းတံတားလုပ်ငန်းများ အား နယ်စပ်ရေးရာဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာ ရေးနှစ်တွင် လုပ်ငန်းအပ်နှံစနစ်ဖြင့် နိုင်မင်းကုမ္ပဏီ၊ Kinetic Arts ကုမ္ပဏီနှင့် မိဘအိမ်ကုမ္ပဏီတို့က ဆောင်ရွက်လျက်ရှိရာ လွိုင်ကော်၊ ဒီးမော့ဆို၊ ဖရူးဆိုး၊ ဘော်လခဲ၊ ဖားဆောင်း၊ မယ်စဲ့၊ ရှားသစ်(ခွဲ)မြို့နယ် များတွင် ကတ္တရာလမ်း ၁၀ မိုင်၊ ကျောက်လမ်း ၁၅ မိုင်၊ မြေသားလမ်း ၂၅ မိုင်၊ သစ်သားတံတား ၄၉၂ ပေ၊ ရေပြွန် ၂၉၁ ပေ ဆောင်ရွက် ပြီးစီးသဖြင့် ဒေသခံ ကျေးလက် ပြည်သူများ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာပြီး သွားလာ ရေး ပိုမိုလွယ်ကူအဆင်ပြေလျက်ရှိ ကြောင်း၊ လာမည့်နှစ်များတွင်လည်း ကျန်ရှိသည့် လမ်းတံတားလုပ်ငန်း များအား ကူညီပံ့ပိုးဆောင်ရွက်ပေး စေလိုကြောင်း ပြည်သူများက တောင်းခံဆန္ဒပြုကြကြောင်း သိရှိရ သည်။

(သတင်းစဉ်)

နေပြည်တော် ဇွန် ၇

ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကမ္ဘာ့စီးပွားရေး ဖိုရမ် တည်ထောင်သူနှင့် ဥက္ကဋ္ဌ Prof.Klaus Schwab နှင့် ပူးတွဲ သဘာပတိများအား ယမန်နေ့ညနေ ၆ နာရီ ၄၅ မိနစ်တွင် နေပြည်တော် မဏိရတနာ ကျောက်စိမ်းခန်းမရှိ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

တွေ့ဆုံရာတွင် နိုင်ငံတော် သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး များဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးဝင်းရှိန်နှင့်ဒေါက်တာ ကံဇော်တို့ တက်ရောက်ကြသည်။

တွေ့ဆုံရာ၌ ကမ္ဘာ့စီးပွားရေး ဖိုရမ် တည်ထောင်သူနှင့် ဥက္ကဋ္ဌ Prof. Klaus Schwab နှင့် ပူးတွဲ သဘာပတိများက မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ ကို ၎င်းတို့အနေဖြင့် ဆက်လက် ထောက်ခံအားပေးသွားမည် ဖြစ် ကြောင်း၊ ထို့အတူ မြန်မာနိုင်ငံ ဖွံ့ဖြိုး တိုးတက်ရေးအတွက်လည်း ဆက် လက်ကူညီပံ့ပိုးသွားမည်ဖြစ်ကြောင်း၊ ကမ္ဘာ့စီးပွားရေးဖိုရမ်ကို မြန်မာနိုင်ငံ တွင် ကျင်းပခြင်းသည် စီးပွားရေး အတွက်သာမဟုတ်ဘဲ မြန်မာပြည်သူ တို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးလာရန် နှင့် မြန်မာနိုင်ငံရှိ ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာအခွင့်အလမ်းများအား ကမ္ဘာ က ပိုမိုသိရှိလာစေရန်အတွက် ကူညီ ဆောင်ရွက်ပေးရန်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့ကြသည်။

နိုင်ငံတော်သမ္မတကလည်း မိမိ တို့၏ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် များကို ထောက်ခံအားပေးသည့် အတွက် ကျေးဇူးတင်ရှိပါကြောင်း၊

မြန်မာ-ထိုင်း နှစ်နိုင်ငံပူးပေါ...
မြန်မာနိုင်ငံသား ၁၄ ဦးအား...

နေပြည်တော် ဇွန် ၇

မြန်မာနိုင်ငံလူကုန်ကူးမှုတားဆီး ကာကွယ်ရေးဗဟိုအဖွဲ့၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့နှင့် ထိုင်းနိုင်ငံအထူးစုံစမ်းစစ်ဆေးရေး ဌာန (DSI)၊ UNIAP တို့ ပူးပေါင်း၍ ထိုင်းနိုင်ငံရှိ လူကုန်ကူးခံရသည့် မြန်မာနိုင်ငံသား ၁၄ ဦးအား မြန်မာ နိုင်ငံမှ ပြန်လည်လက်ခံခေါ်ယူ နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ ကြောင်း သိရှိရသည်။

ပို့ဆောင်ခဲ့

အရပ်ဘက်ဆိုင်ရာ လူမှုအဖွဲ့

◆ ကျောဖုံးမှ

ရန်ကုန်တိုင်း ဒေသကြီး အတွင်းရှိ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော ကိုကိုးကျွန်းစာစစ်ဌာန များမှ အောင်မြင်ကြသူများအတွက် အောင်စာရင်းများကို ဇွန် ၈ ရက် စနေနေ့ နံနက် ၈ နာရီမှစ၍ မြန်မာ့ အသံ (လှိုင်းတို - ၅၀ ဒသမ ၇၁ မီတာ၊ ၅၉၁၅ ကီလိုဟတ်ဇ်၊ လှိုင်းတို - ၅၀ ဒသမ ၁၂ မီတာ၊ ၅၉၈၅ကီလိုဟတ်ဇ်) (လှိုင်းလတ်- ၄၁၁ ဒသမ ၅၂ မီတာ၊ ၇၂၉ ကီလို ဟတ်ဇ်) တို့မှ ထုတ်လွှင့်ပေးမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ဆက်လက်ထောက်ခံသွားမည် ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာပါက ရည်မှန်းချက်များ ဖြည့်ဆည်းနိုင်မည်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာစားပွဲတွင် ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံ ဖြစ်သော်လည်း တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ပြီး ကြွယ်ဝချမ်းသာလာရန်အတွက် စက်မှုနိုင်ငံအဖြစ်ထူထောင်နိုင်ရန် ရည်ရွယ်ဆောင်ရွက်နေပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် အရင်းအနှီး၊ နည်းပညာနှင့်လူ့စွမ်းအားအရင်းအမြစ်များ လိုအပ်လျက်ရှိသဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်နေပါကြောင်း၊ ယခုကမ္ဘာ့စီးပွားရေးဖိုရမ် ကျင်းပခြင်းအားဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာပါက မိမိတို့ရည်မှန်းချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်တော့မည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏လိုအပ်ချက်ကို ကူညီဆောင်ရွက်ပေးသည့် ကမ္ဘာ့စီးပွားရေးဖိုရမ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြန်လည်ပြောကြားခဲ့သည်။

တည်ခင်းဧည့်ခံ

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးဒေါ်ခင်ခင်ဝင်းတို့က အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ တက်ရောက်လာသူများအား မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမုန်၊ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ရေးရာ ကော်မတီဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲတွင် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက မြန်မာ့ရိုးရာ အဆို၊ အတီး၊ အကများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အိန္ဒိယနိုင်ငံ စီးပွားရေး၊ စက်မှုနှင့် အထည်အလိပ်လုပ်ငန်းဝန်ကြီးအား တွေ့ဆုံ

နေပြည်တော် ဇွန် ၇

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အိန္ဒိယသမ္မတနိုင်ငံ စီးပွားရေး၊ စက်မှုနှင့် အထည်အလိပ်လုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး Mr. Anand Sharma ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ စက်မှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးအေးမြင့်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

တွေ့ဆုံရာတွင် နှစ်နိုင်ငံကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ကဏ္ဍစုံ ပူးတွဲဆောင်ရွက်မှုများ၌ အဆင့်မြှင့်တင်ရေး ကိစ္စရပ်များ၊ ဆေးဝါးထုတ်လုပ်မှု ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ အထည်အလိပ်ကဏ္ဍနှင့် ကုန်သွယ်ရေးကဏ္ဍအပါအဝင် ကဏ္ဍစုံ၌ လူ့စွမ်းအားအရင်းအမြစ်မြှင့်တင်ရေးအတွက် လေ့ကျင့်သင်တန်းပေးရေးကိစ္စရပ်များ၊ အထူးစီးပွားရေးဇုန်များအား ပူးတွဲဖော်ဆောင်ရေးကိစ္စရပ်များ၊ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ကုန်သွယ်ရေးစခန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ခင်မင်ရင်းနှီးစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

နှစ်နိုင်ငံပူးပေါင်း၍ ထိုင်းနိုင်ငံရှိ လူကုန်ကူးခံရသည့် ...း ၁၄ ဦးအား မြန်မာနိုင်ငံမှ ပြန်လည်လက်ခံခေါ်ယူနိုင်ရန် စီစဉ်ဆောင်ရွက်နေ

... အစည်းတပ်ဖွဲ့မှ UNIAP (မြန်မာ) သို့ ပေးပို့တင်ပြလာသည့် သတင်းအရ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်မှ မ. . . ဆိုသူက ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁ ရက်က မြဝတီမြို့သို့ စားစရိတ်ငြိမ်း တစ်လလျှင် ငွေကျပ်သုံးသိန်းရမည်ဆိုပြီး မြန်မာနိုင်ငံသားလူငယ် ၂၂ ဦးအား ၎င်း၏သမီး၊ တူမတို့ ဦးဆောင်မှုဖြင့် မူလပို့ဆောင်ပေးမည်ဟု စီစဉ်ထားသည့် မြဝတီမြို့သို့ မပို့ဆောင်ဘဲ လမ်းခရီးတွင် အခက်အခဲများ ချုပ်နှောင်၊ ခြိမ်းခြောက်ခံရခြင်းများစွာဖြင့် ထိုင်းနိုင်ငံ ကန်ချနပူရီခရိုင် ထမ္မကာမြို့နယ် ဆင်သော်ရပ်ကွက်ရှိ Vita Food Factory (ဒေသအခေါ် ဝိုင်တဖုစက်ရုံ) သို့ နှစ်ကြိမ်ခွဲ၍ ပို့ဆောင်ခဲ့သည်။

အရေးယူနိုင်

စက်ရုံတွင် လုပ်အားခ ခေါင်းပုံဖြတ်မှုများ များစွာဖြင့် လုပ်ခလစာ နည်းပါးစွာ အသက်ရှင်ရပ်တည်ခဲ့ရသည့် လုပ်သားအချို့မှာ စက်ရုံမှ ထွက်ပြေးလွတ်မြောက်လာခဲ့ပြီး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့နှင့် UNIAP (မြန်မာ) အကူအညီဖြင့် လူကုန်ကူးသူများအား အမှုဖွင့် အရေးယူနိုင်ခဲ့သည်။

ဆက်လက်၍ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများသည် ထိုင်းနိုင်ငံ အထူးစုံစမ်းစစ်ဆေးရေးဌာန (DSI)၊ UNIAP (မြန်မာ)၊ ထိုင်းနိုင်ငံရှိ မြန်မာအလုပ်သမားများအား ကယ်တင် စောင့်ရှောက်နေသည့် MAT၊ LPN စသည့် အဖွဲ့များနှင့်ပူးပေါင်း၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အကြိမ်ကြိမ် အပြန်အလှန် ဆက်သွယ်ပူးပေါင်းညှိနှိုင်းနိုင်ခဲ့ကြပြီး ထိုင်းနိုင်ငံရှိ Vita Food Factory (ဒေသခေါ် ဝိုင်တဖုစက်ရုံ) မှ မေ ၁၈ ရက်တွင် ရှစ်ဦး၊ မေ ၃၀ ရက်တွင်ခြောက်ဦး စုစုပေါင်း မြန်မာနိုင်ငံသား ၁၄ ဦးကို ကူညီကယ်ဆယ်နိုင်ခဲ့သည်။

စီစဉ်ဆောင်ရွက်

ယခုအခါ ထိုင်းနိုင်ငံရှိ မြန်မာနိုင်ငံသားလူကုန်ကူးခံရသူ ၁၄ ဦးအား မြန်မာနိုင်ငံသို့ မကြာမီကာလအတွင်း တရားဝင်ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရန် ထိုင်းနိုင်ငံရှိ ထိန်းသိမ်းစောင့်ရှောက်ရေးစခန်း(Shelter) တွင် ကူညီစောင့်ရှောက် ကယ်ဆယ်ထားရှိလျက်ရှိကြောင်း သိရှိရသည်။

ယခင်နှစ်များကလည်း ၎င်းစက်ရုံမှ ထွက်ပြေးလွတ်မြောက်လာသူများရှိခဲ့ပြီး လူကုန်ကူးသူများအား အမှုဖွင့်အရေးယူထားရှိကြောင်းနှင့် နှစ်နိုင်ငံပူးပေါင်းဖမ်းဆီးရမိနိုင်ရေး စီစဉ်ဆောင်ရွက်လျက် ရှိကြောင်း သိရှိရသည်။

မောင်ရဲဇော်

ဆင်းတုတော်မှကျောက်မျက်များ အတုနှင့်လဲထားဆိုမှု မဟုတ်မှန်

ရန်ကုန် ဇွန် ၇

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် ထီးတော်စေတီ သစ်သားဆင်းတုများရှိ ကျောက်မျက်ရတနာအချို့အစား ဖန်စီကျောက်မျက်အတုများ အလဲခံထားရကြောင်း ဇွန် ၁ ရက်က အင်တာနက်သတင်းသည် မဟုတ်မမှန်ကြောင်း ဂေါပကအဖွဲ့ဝင်တစ်ဦးထံမှ သိရှိရသည်။

စေတီတော်ရင်ပြင် အရှေ့မြောက်ထောင့်တွင် တည်ထားသော စေတီတော်အတွင်းရှိ သစ်သားဆင်းတုလေးဆူ၌ မျက်နှာတော်နှင့် လည်ပင်းတော်များတွင် ကျောက်မျက်ရတနာများစီ၍လှူဒါန်းထားသည့် ရွှေသင်းကျစ်တော်နှင့် ကျောက်စိမ်း၊ ပတ္တမြားအစစ်များအစား ဖန်စီကျောက်အတုများကိုလဲထားကြောင်း အင်တာနက် သတင်းတစ်ရပ်တွင် ထွက်ပေါ်လာ၍ ယင်းသတင်းနှင့် ဆက်စပ်၍ ပြည်သူများကြားတွင် သို့လောသို့လော စိတ်ဝင်တစား ဖြစ်နေကြသည်။

အဆိုပါသတင်းနှင့်စပ်လျဉ်း၍ သတင်းစဉ်က တာဝန်ရှိသူများထံ ဆက်သွယ်မေးမြန်းခဲ့ရာ ဂေါပကအဖွဲ့မှ ရုံးအဖွဲ့မှူး ဦးဝင်းကြိုင်က "အဲဒီသတင်းက မဟုတ်မမှန်ပါဘူးဗျာ၊ ကျွန်တော်တို့ဆင်းတုတော်တွေ အပါအဝင် အဖိုးတန်ပစ္စည်းတွေကို သော့နဲ့ သေချာခတ်ထားပါတယ်။ အလွယ်တကူဖြုတ်၊ တပ် ယူလို့မရအောင်စီစဉ်ဆောင်ရွက်ထားပါတယ်။ အခုဟာလည်း တချို့စေတီတွေမှာ ပြုတ်နေတဲ့ကျောက်တချို့ကို ကြည့်ရမဆိုးအောင် တန်ဖိုးမရှိတဲ့ ကျောက်တချို့နဲ့တော့ ယာယီအစားထိုးတာ ရှိပါတယ်။ အခုပြောနေကြသလိုတော့ ကျောက်အစစ်တွေနဲ့ ဖန်စီကျောက်အတုတွေလဲထားတယ်ဆိုတာတော့ မဟုတ်ပါဘူး" ဟုရှင်းလင်းပြောကြားသည်။ **(ဆွေဆွေနိုင်-သတင်းစဉ်)**

မြန်မာ-လာအို ချစ်ကြည်ရေးတံတားသံပေါင် တင်ဒါဖွင့်

နေပြည်တော် ဇွန် ၇

မြန်မာ-လာအို ချစ်ကြည်ရေးတံတားသံပေါင် တင်ဒါဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေတိဂုံဘုရားလမ်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးကြီးရုံး၌ကျင်းပရာ **(အပေါ်ပုံ)** ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က နှုတ်ခွန်းဆက်စကားပြောကြားကာ တင်ဒါအခမ်းအနားကို ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကွန်ပျူတာပန်းချီပြိုင်ပွဲ ကွန်ပျူတာတက္ကသိုလ် (ဗဟန်းနယ်မြေ) ၌ ကျင်းပမည်

ရန်ကုန် ဇွန် ၇

ရန်ကုန်တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့က ကြီးမှူးကျင်းပမည့် ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲများအနက် ကွန်ပျူတာပန်းချီပြိုင်ပွဲကို ဇွန် ၉ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကွန်ပျူတာတက္ကသိုလ်(ရွှေပြည်သာမြို့နယ်)၌ ကျင်းပမည့်အစား ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် သံလွင်လမ်းရှိ ကွန်ပျူတာတက္ကသိုလ် (ဗဟန်းနယ်မြေ)သို့ ပြောင်းရွှေ့ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

မွန်ချစ်

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

မန္တလေးနှင့်အထက် မြန်မာပြည်သတင်း

မြန်မာသတင်းအချက်အလက်နှင့်နည်းပညာတက္ကသိုလ် ဖွင့်လှစ်နိုင်ရေးဆွေးနွေး

နေပြည်တော် ဇွန် ၇

မြန်မာ-အိန္ဒိယ ပူးပေါင်း၍ မြန်မာသတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်ကို မန္တလေးမြို့၌ ဖွင့်လှစ်နိုင်ရေးအတွက် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးသည် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အကြံပေးပုဂ္ဂိုလ် Mr. S. Ramadorai ဦးဆောင်သော Task Force Team နှင့် ဇွန် ၅ ရက် နံနက် ၁၀ နာရီခွဲက အဆိုပါဝန်ကြီးဌာန၌ တွေ့ဆုံပြီး MIIT တက္ကသိုလ်သင်တန်း အသီးသီးကို ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှ စတင်ဖွင့်လှစ်နိုင်ရေး ပြင်ဆင်ထားမှုများ၊ လိုအပ်ချက်များ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ အိန္ဒိယ MIIT တက္ကသိုလ်၌ သင်ကြားပေးမည့် ဘွဲ့လွန်ဒီပလိုမာသင်တန်းများနှင့် ပုံမှန်ငါးနှစ်ဘွဲ့သင်တန်းများအတွက် သင်ရိုးညွှန်းတမ်းများပြင်ဆင်ခြင်း၊ သင်ကြားရေး ဆရာ ဆရာမများ ရွေးချယ်ခြင်း၊ မြန်မာသင်ကြားရေး ဆရာ ဆရာမများရွေးချယ်၍ သင်တန်းပို့ချပေးခြင်းနှင့် အခြားအုပ်ချုပ်မှုပိုင်းဆိုင်ရာ လိုအပ်ချက်များ ပြင်ဆင်ထားရှိမှု၊ မြန်မာ MIIT တက္ကသိုလ်၏ အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်းများနှင့် အုပ်ချုပ်မှုဆိုင်ရာတို့ကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဧရာဝတီတံတား(ရတနာသိင်္ဃ) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်း ဆောင်ရွက်ပြီးစီးတော့မည်

မန္တလေး ဇွန် ၇

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်သည် တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအောင်ဌေးကျော်၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း၊ ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ်ရှိ လွှတ်တော်အဆင့်ဆင့်မှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၂ ရက် နံနက် ၁၁ နာရီခွဲက ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီး အဖွဲ့(၃)မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဧရာဝတီတံတား (ရတနာသိင်္ဃ) **(အပေါ်ပုံ)** တည်ဆောက်ရေး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့ ဧရာဝတီတံတား (ရတနာသိင်္ဃ) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိလာရာ စီမံကိန်းအင်ဂျင်နီယာမှူး ဒေါ်သစ်သစ်အောင်နှင့် အင်ဂျင်နီယာများက တံတားသံပေါင်တပ်ဆင်ခြင်းလုပ်ငန်း၊ တံတားသံပေါင်ညှိခြင်းနှင့် Bearing အထိုင်ချခြင်း၊ Decking Slab ခင်းခြင်းလုပ်ငန်း၊ Walk Ways Slab ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ တင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က သတ်မှတ်ချိန်အမီ အန္တရာယ်ကင်းရှင်းစွာ ပြီးစီးအောင်ဆောင်ရွက်သွားရေးကို ဖြည့်စွက်မှာကြားပြီးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ဧရာဝတီတံတား (ရတနာသိင်္ဃ)သည် ၂၀၁၂ ခုနှစ်တွင် လှုပ်ခတ်ခဲ့သော ငလျင်ဒဏ်ကြောင့် တည်ဆောက်ဆဲ တံတားသံပေါင်များ ပြုတ်ကျပျက်စီးခဲ့သဖြင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီး အဖွဲ့(၃)မှ အင်ဂျင်နီယာမှူးကြီး ဦးကျော်လင်းနှင့် အင်ဂျင်နီယာများက တည်ဆောက်ရေးလုပ်ငန်းများကို ဆက်လက်တာဝန်ယူ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ယခုအခါ တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

တင်မောင်(မန္တလေးကိုယ်ပွား)

ဝန်းသိုမြို့နယ်၌ ပျိုးပင်များစိုက်ပျိုး

ဝန်းသို ဇွန် ၇

ကသာခရိုင် ဝန်းသိုမြို့နယ် လေဘိုကျေးရွာအနီး ဝန်းသို-ကောလင်း-ပင်လည်ဘူးလမ်းမကြီးဘေးရှိ မိုင်တိုင်အမှတ်(၂၃/၇)မှ (၂၄/၇)ကြား မြေကွက်လပ်များ၌ မေ ၅ ရက် နံနက် ၈ နာရီက လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများက ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အဖြစ် ကျွန်း၊ ပျဉ်းကတိုး၊ မဲဇလီပင်များ စုပေါင်းစိုက်ပျိုးကြကြောင်းသိရသည်။ ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် သစ်ပင်များကို စိုက်ပျိုးထိန်းသိမ်းလိုစိတ်ရှိလာစေရန်၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းလိုသည့် စိတ်ဓာတ်များ ကျယ်ပြန့်များပြားလာစေရန်ရည်ရွယ်၍ ပျိုးပင်များကို စုပေါင်းစိုက်ပျိုးပေးခဲ့ခြင်းဖြစ်သည်။

လွှဲပြောင်းပေးအပ်

ယင်းနောက် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲဆုရရှိသူများအား ဆုချီးမြှင့်ခြင်းနှင့် ပျိုးပင်များအား သစ်တောဦးစီးဌာနက ကျောင်းအုပ်ဆရာမကြီးထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

တိုက်နယ်ဆေးရုံနှင့် အထက်တန်းကျောင်းဖွင့်ပွဲကျင်းပ

ကျွန်းလှ ဇွန် ၇

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် ညောင်ကိုင်းကျေးရွာ၌ တိုက်နယ်ဆေးရုံဖွင့်ပွဲနှင့် အထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်ပွဲကို ဇွန် ၅ ရက် နံနက် ၇ နာရီက ဆေးရုံမှခ်ဦးရှေ့၌ ကျင်းပရာ မုခ်ဦးကို တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးမှူး ဒေါက်တာတင်မောင်အေးနှင့် အလှူရှင်ဦးသိန်းထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးသာအေးက တိုက်နယ်ဆေးရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အခြေခံပညာ အထက်တန်းကျောင်းမုခ်ဦးကို တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ တိုင်းဒေသကြီးဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဦးတင်ဝင်းနှင့် တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး ဦးလှသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်က အထက်တန်းကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး၍ ကျောင်းဝင်းအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက လမ်းညွှန်အမှာစကားပြောကြားပြီး အလှူရှင် ဦးသိန်းထွန်းက တိုက်နယ်ဆေးရုံ ဆောက်လုပ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကာ ကျေးရွာရပ်မိရပ်ဖ ဦးစိန်လှိုင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ပြန်လည်ပေးအပ်

ဆက်လက်၍ တိုက်နယ်ဆေးရုံသစ်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို အလှူရှင်ဦးသိန်းထွန်းက တိုင်းဒေသကြီးကျန်းမာရေးဦးစီးမှူးထံလွှဲပြောင်းပေးအပ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အလှူရှင်တို့က အထက်တန်းကျောင်းအတွက် ကွန်ပျူတာတစ်စုံ၊ ကျောင်းသုံးဗလာစာအုပ်၊ အားကစားပစ္စည်း၊ ဂျာနယ်မျိုးစုံနှင့် တိုက်နယ်ဆေးရုံဆေး ပဒေသာပင်အတွက် အလှူငွေကျပ် ၁၁၁ သိန်းတို့ကို လှူဒါန်းကြရာ တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ယခုအခါ တိုက်နယ်ဆေးရုံဖွင့်လှစ်ပေးသည့်အတွက် ကျေးရွာပေါင်း ၂၇ ရွာမှ ဒေသခံပြည်သူ ၂၂၇၇၉ ဦးတို့ကို အသက်ကယ်တင်နိုင်ရန်နှင့် အချိန်ပြည့်ကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်နေပြီဖြစ်သဖြင့် ကျေးလက်နေပြည်သူများ ဝမ်းမြောက်ဝမ်းသာဖြစ်လျက်ရှိကြကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)

ဥတုရာသီ

တောကိုမှီ

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)၊ တင်ဒါမှတ်-၁ (၂၀၁၃-၂၀၁၄)

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် လမ်းလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သည့် လမ်းခင်းပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပေးသွင်းရမည့် ပစ္စည်း	အရေအတွက် (ကျင်း)	ပေးသွင်းရမည့်နေရာ
၁။	ကျောက်ရှယ်စုံ	၃၉၂၇.၉၆	ဟင်္သာတ-အသုတ်-ကျောင်းကုန်းလမ်း
၂။	ချောင်းကျောက်စရစ်	၁၃၈၁.၀၀	တလုတ္တော်-လေးမျက်နှာလမ်း
၃။	မြစ်သဲ	၆၈၄.၅၀	

တင်ဒါပိတ်မည့်နေ့ရက်/အချိန် - ၁၉-၆-၂၀၁၃ ရက် မွန်းတည့် ၁၂ နာရီ
တင်ဒါဖွင့်မည့်နေရာ - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဟင်္သာတခရိုင်၊ တာငါးဆယ်မြောက်ရပ်၊ ဈေးကလေးလမ်း၊ ဟင်္သာတမြို့။
တင်ဒါဖွင့်မည့်နေ့ရက်/အချိန် - ၁၉-၆-၂၀၁၃ ရက် ၁၄:၀၀ နာရီ

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အောက်ဖော်ပြပါဌာနတွင် ၆-၆-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်းဝယ်ယူစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့၊
ဟင်္သာတခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း (၀၄၄-၂၁၀၃၃)

ကလေးဒေသမှ ပျားပုံးများ မိုးနည်းပါးသည့်ဒေသများသို့ ပြန်လည်ပြောင်းရွှေ့

ကလေး ဇွန် ၇

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သို့ မိုးနှောင်းရာသီတွင် ရောက်ရှိလာခဲ့သော မွေးမြူရေးပျားပုံးများသည် မေလဆန်းမှစ၍ ရွာသွန်းသောမိုးကြောင့် ယင်းပုံးများကို မိုးနည်းပါးသည့်ဒေသများဖြစ်သော မုံရွာဒေသဝန်းကျင်နှင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသို့ ကုန်တင်ကားကြီးများ၊ ကုန်တင်အမြန်ရေယာဉ်များဖြင့် ပြောင်းရွှေ့နေကြပြီဖြစ်ကြောင်း သိရသည်။

"ကလေးဒေသမှာ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို မိုးစပါးရာသီအပြီးမှာ စိုက်ပျိုးကြသောကြောင့် နေကြာပန်းပွင့်ချိန်အမီ မွေးမြူရေးပျားပုံးများ ကလေးဒေသကို ရောက်လာကြတာဖြစ်ပါတယ်၊ ပျားတွေရှိတဲ့အတွက် ဝတ်မှုန်ကူးတာအားကောင်းပြီး နေကြာပင်တွေ ပိုမိုဖြစ်ထွန်းအောင်မြင်ပါတယ်၊ မိုးဦးကျရာသီအထိ ပျားလုပ်ငန်းရှင်တွေ ကလေးဒေသတွင် ပျားမွေးမြူရေးလုပ်ငန်းလုပ်ကိုင်ကြပါတယ်" ဟု ပျားလုပ်ငန်းရှင်တစ်ဦးက ရှင်းပြသည်။

ကလေးဒေသတွင် ယခင်က ပျားမွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ခြင်းမရှိကြပေ။ ကလေးဒေသကိုလာရောက်ပြီး ပျားမွေးမြူသူများထံမှတစ်ဆင့် ပညာသင်ယူပြီး လုပ်ဆောင်လာကြရာ ယခုဆိုလျှင် ပျားမွေးမြူရေးလုပ်ကိုင်သူ ၅၀ ထက်မနည်းရှိလာပြီဖြစ်ကြောင်း သိရသည်။

ကလေးဒေသမှထွက်ရှိသော ပျားရည်များကို အိမ်နီးချင်းနိုင်ငံများ၊ ဂျပန်၊ စင်ကာပူနိုင်ငံများအထိ ပို့ဆောင်ပေးရကြောင်း၊ ပျားရည် တစ်ပီပါလျှင် ငွေကျပ် ၃၅၀၀၀၀ အထိ ဈေးရှိကြောင်း သိရသည်။

အသုံးဝင်

မဟာမြိုင်ဒေသမှ ထွက်ရှိသော သဘာဝပျားရည်စစ်စစ်ဆိုလျှင် ဈေးပိုပေးရကြောင်း၊ တစ်ပုလင်းလျှင် ငွေကျပ် ၃၅၀၀ အထိ ပေးရကြောင်း၊ ပျားလေးရည်သည် မြန်မာဆေးဖော်စပ်ရာတွင် အသုံးဝင်ကြောင်း သိရသည်။ **သျှင်နေမင်း**

မိုးရာသီပေါ် အင်ဥ(ခေါ်) မှိုဥ အရောင်းအဝယ်ဖြစ်

ကောလင်း ဇွန် ၇

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ်အတွင်း ကျေးရွာများမှ ထွက်ရှိသော အင်ဥ(ခေါ်) မှိုဥများကို ယခုအခါတွင် မန္တလေးမြို့ ဝယ်လက်များက တစ်ပိုင်တစ်နိုင် သယ်ယူကြပြီး မန္တလေးမြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ အင်ဥ(ခေါ်)မှိုဥအဝယ်ဒိုင်တစ်ဦးက "ကောလင်း၊ ပင်လည်ဘူး၊ ထီးချိုင့်ပတ်ဝန်းကျင်အနီးအနား ကျေးရွာတွေအထိ အင်ဥ(ခေါ်) မှိုဥတွေ ကျွန်တော်တို့ ဆင်းဝယ်ကြပါတယ်။ အင်ဥရဲ့အရသာက စိမ့်နေအောင်စားရပြီး ကြော်ပဲစားစား၊ ချက်ပဲစားစား ဒီမိုးရာသီကာလပဲရတာလေ။ အင်ဥ(ခေါ်)မှိုဥကို ကျွမ်းကျင်တဲ့သူတွေက အမြတ်ပိုရသလို မကျွမ်းကျင်ဘဲလုပ်ကိုင်သူတွေကတော့ အရှုံးပါပဲ"ဟု ပြောကြားသည်။

ပင်လည်ဘူးမြို့ဈေးတွင် အင်ဥတစ်ပိဿာငွေကျပ် ၅၀၀ ရှိပြီး ကောလင်းဈေးတွင် တစ်ပိဿာငွေကျပ် ၁၅၀၀၊ မန္တလေးမြို့တွင် တစ်ပိဿာငွေကျပ် ၂၀၀၀ မှ ၃၀၀၀ အထိရှိကြောင်း အဝယ်ဒိုင်တစ်ဦးထံမှ သိရှိရပြီး မိုးရာသီပေါ် အင်ဥ(ခေါ်)မှိုဥအရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ရွှေတောသား(ကောလင်း)

ပြန်ကြားရေးဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက်
စက္ကူ၊ မင်၊ ဖလင်၊ ပလိပ်၊ ပုံနှိပ်ရေးပစ္စည်းများနှင့် စက်အရန်ပစ္စည်းများဝယ်ယူရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက်၊ စက္ကူ၊ မင်၊ ဖလင်၊ ပလိပ်၊ ပုံနှိပ်ရေးပစ္စည်းများနှင့် စက်အရန်ပစ္စည်းများကို အောက်ဖော်ပြပါအတိုင်း ဝယ်ယူလိုပါသည်-

(က) Other Papers
- (၁) Manilar Paper(0.45mm) 5 Rolls

(ခ) မင်
Web Offset Ink
- (၁) Black 8000 Kgs

Thermographic Powder
- (၁) Gold Powder(Fine) 75 Lbs
- (၂) Sliver Powder(Fine) 5 Lbs

(ဂ) Film & Chemicals
- (၁) Image Setter Films 18" x 60 m 5 Rolls
- (၂) Typon 61 cm x 60 m 10 Rolls

(ဃ) Plate & Chemicals
Negative Plate
- (၁) 915 x 626 x 0.3 mm 277 Shts
- (၂) 889 x 609 x 0.3 mm 620 Shts

(င) Stitching Wire
- (၁) 20 Gauge (2 Kg) 167 Coils
- (၂) 22 Gauge (2 Kg) 245 Coils
- (၃) 23 Gauge (2 Kg) 388 Coils

(စ) ပုံနှိပ်ရေးပစ္စည်းများ
Rubber Blankets (Without T - Bar)
- (၁) L 1150 x W 775 x T 1.96 mm 10 Shts
- (၂) L 995 x W 835 x T 1.96 mm 11 Shts
- (၃) L 915 x W 636 x T 1.95 mm 24 Shts
- (၄) L 750 x W 670 x T 1.95 mm 50 Shts (Miller Rubber Blanket)

Rubber Blankets (With T - Bar)
- (၁) L 889 x W 626 x T 1.68 mm 100 Shts
- (၂) L 650 x W 665 x T 1.95 mm 25 Shts
- (၃) L 889 x W 626 x T 1.65 mm 24 Shts
- (၄) L 1063 x W 850 x T 1.95 mm 50 Shts (Compacta Rubber Blanket)
- (၅) L 780 x W 760 x T 1.95 mm 50 Shts (Shinohara Rubber Blanket)

ပြည်တွင်းသတင်း

ဇီးကုန်းမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေ

နေပြည်တော် ဇွန် ၇

ဇီးကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက်၌ တည်ဆောက်နေသော သံကူကွန်ကရစ် နှစ်ထပ်မူလတန်းကျောင်းဆောင်၊ ဇီးကုန်းမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ပြုပြင်တည်ဆောက်နေသည့်ကျောင်းဆောင်နှင့် ဇီးကုန်းမြို့ ဇောတိကာရုံ ပရိယတ္တိစာသင်တိုက်၌ တည်ဆောက်နေသော ဇေယျမင်္ဂလာတိုက်ကျောင်းတို့ကို ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ် ဝင်းသည် ဇွန် ၅ ရက် နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဇီးကုန်းမြို့နယ် လယ်တွင်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း၌ ကျောင်းသား မိဘများနှင့်တွေ့ဆုံပြီး လယ်တွင်း အလယ်တန်းကျောင်းနှင့် ကံညီကို ကျေးရွာ မူလတန်းကျောင်းအုပ်ကြီး များထံ ကျောင်းသုံးဗလာစာအုပ်များ လှူဒါန်းခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဇွန် ၆ ရက် နံနက်ပိုင်းက ပဲခူးမြို့ မြို့တော်ခန်းမ၌ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးကော်မတီက ကြီးမှူးကျင်းပသည့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ၂၃ ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ထပ်ဆင့် ရှင်းလင်းပွဲနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးပွဲသို့ တက်ရောက်အမှာစကား ပြောကြားပြီး ကြီးကြပ်ရေးအဖွဲ့မှ ရရှိခဲ့သော သုတေသနစာတမ်း ပထမဆု အတွက် ဂုဏ်ပြုငွေကျပ် ငါးသိန်းကို တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးနှင့် ကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်မြင့်မြင့်စိုးက တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့မှ ရရှိခဲ့သော လှုပ်ရှားမှုအထူးဆု(၁) အတွက် ဂုဏ်ပြုငွေကျပ် သုံးသိန်းကို ဥက္ကဋ္ဌထံ ပေးအပ်ချီးမြှင့်ကြကာ ပြခန်းငယ်ကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသော ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ခရိုင်/မြို့နယ် အုပ်ချုပ်ရေးမှူးများ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်အမှာ စကားပြောကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

သန်လျင်၌ အလှူငွေနှင့်စာရေးကိရိယာ သင်ထောက်ကူပစ္စည်းများ လှူဒါန်း

ရန်ကုန် ဇွန် ၇

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဘဏ္ဍာရေးရာဌာနကြီးမှ အဖွဲ့ခေါင်းဆောင် ဒေါ်ခင်စန္ဒာထွန်းနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်စွဲ့ခင်မာဝင်းနှင့်အဖွဲ့သည် ဇွန် ၄ ရက် နံနက် ၁၀ နာရီက ရန်ကုန်တောင်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ တို့နှင့်အတူ သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာအုပ်စု ဆုတောင်းပြည့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနန္တဝံသထံသို့ အလှူငွေကျပ် ခြောက်သိန်းနှင့် ငွေကျပ် ငါးသိန်းတန်ဖိုးရှိ ကျောင်းသုံးဗလာစာအုပ်၊ စာရေးကိရိယာ၊ သင်ထောက်ကူပစ္စည်းနှင့် ဆန်၊ ဆီ စားသောက်ဖွယ်ရာများကို ဆက်ကပ် လှူဒါန်းခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

(ခရိုင် ပြန်/ဆက်)

လွှတ်တော်အတွေ့အကြုံ ပန်လုံမြို့၌ ရှင်းလင်း

ပန်လုံ ဇွန် ၇

ရှမ်းပြည်နယ် ‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ပန်လုံမြို့နယ်ခွဲ ဘုန်းတော်ကြီးကျောင်း၌ ဇွန် ၆ ရက် နံနက် ၉ နာရီက လွှတ်တော်အတွေ့အကြုံ ရှင်းလင်းပွဲ ကျင်းပသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျင်ဝမ်းက ပြည်သူ့လွှတ်တော်အတွေ့အကြုံကို ရှင်းလင်းသည်။ ဆက်လက်၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်ပေါင်းနပ်က ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အချက်အလက်များကို ထုတ်နုတ်ရှင်းလင်းသည်။

ယင်းနောက် ဒေသခံပြည်သူများက ၁၅၀၀ တန်ဖုန်း Sim Card ချပေးရန်၊ သောက်သုံးရေဖူလုံရေးနှင့် ကျန်းမာရေးဝန်ထမ်းများ လုံလောက်စွာခန့်ထားရေးအတွက် တင်ပြချက်များအပေါ် လွှတ်တော်ကိုယ်စားလှယ်များက ပြန်လည်ရှင်းလင်းခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်လူမှုစီးပွားဘဝမြှင့်တင်ရေး သမဝါယမအသင်းသားများသို့ အသေးစားချေးငွေများထုတ်ချေးပေး

ညောင်ဦး ဇွန် ၇

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအတွက် သမဝါယမအသင်းသားများသို့ အသေးစားချေးငွေလုပ်ငန်း အစီအစဉ်ဖြင့် လုပ်ငန်းရင်းနှီးချေးငွေ ပေးအပ်ပွဲကို ဇွန် ၅ ရက် မွန်းလွဲ ၂ နာရီက တောင်ဘီလယ်ယားကျေးရွာ ရွာလယ်ဓမ္မာရုံ၌ ကျင်းပသည်။

ချေးငွေပေးအပ်ပွဲတွင် မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးသိန်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာနဦးစီးအရာရှိ ဦးကျော်သန်းနှင့် မြို့နယ်သမဝါယမအသင်းစု ဒုတိယဥက္ကဋ္ဌ ဦးမြင့်အောင်တို့က လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားပြီး တောင်ဘီလယ်ယာစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းလီမိတက်မှ အသင်းသား ၁၅၈ ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် လုပ်ငန်းရင်းနှီးချေးငွေ ငွေကျပ် ၇၉ သိန်းကို အတိုး ၂ ကျပ် ၅၀ ပြားနှုန်း ခြောက်လဆပ်စနစ်ဖြင့် ထုတ်ချေးပေးကြသည်။

အလားတူပင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအတွက် နိုင်ငံတော်က ပံ့ပိုးချေးငွေကျပ် ၃၄၃၃ ဒသမ ၉၅ သိန်းယူ၍ ညောင်ဦးမြို့နယ်တွင် ၂၀၁၂ ခုနှစ် အောက်တိုဘာလမှ ၂၀၁၃ ခုနှစ် မတ်လအတွင်း ဖွဲ့စည်းခဲ့သော သမဝါယမအသင်းသစ် ၁၁၀ မှ အသင်းသားပေါင်း ၇၈၂၀ တို့အား လုပ်ငန်းရင်းနှီးချေးငွေပေါင်း ငွေကျပ် ၃၉၁၀ သိန်းကို ထုတ်ချေးပေးနိုင်ခဲ့ကြောင်း သိရသည်။

သီဟကျော်(ပုဂံ)

ကြည့်မြင်တိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ် ထောက်ပံ့ငွေနှင့် စာရေးကိရိယာ၊ ကျောင်းသုံးပစ္စည်းများပေးအပ်ပွဲကို ဇွန် ၃ ရက် က အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ရဲသွေးက ဝန်ထမ်းသားသမီးများအား ထောက်ပံ့ပေးအပ်စဉ်။ (ဝ၄၂)

စာပေမြင့်မှ လူမျိုးတင့်မည်

စတုဒိသာအကျွေးအမွေးများ စားသုံးရာမှ လူ ၅၀ ကျော်ခန့် အစာအဆိပ်သင့်

ကျုံ့ဒိုး ဇွန် ၇

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကျုံ့ဒိုးမြို့တွင် ဇွန် ၄ ရက်က ကျင်းပသော မြပတိုင်ကျေးရွာ ဆရာတော်၏ ဘဝနတ်ထံပျံလွန် ပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ ပူဇော်ပွဲသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသော ဒါယကာ ဒါယိကာမများနှင့် ဧည့်သည်တော်များအား စတုဒိသာများ ကျွေးမွေးဧည့်ခံကာ စည်ကားလျက်ရှိသည်။ စားသုံးပြီးသော အချို့ဧည့်သည်များသည် အစာအဆိပ်သင့်၍ နီးစပ်ရာ ကျေးလက်ဆေးပေးခန်း၊ ကျုံ့ဒိုးမြို့ ပြည်သူ့ဆေးရုံနှင့် ကော့ကရိတ်မြို့ ပြည်သူ့ဆေးရုံသို့ စုစုပေါင်း ၅၀ ကျော် တက်ရောက်ကုသခဲ့ရကြောင်း သိရသည်။

အစာအဆိပ်သင့်ဝေဒနာ ခံစားခဲ့ရသောသူတစ်ဦးက “ထမင်းစားပြီး ခေါင်းနည်းနည်းမူးလာတာ၊ ဆေးလိပ်ငွေ့ရှူမိလို့ပဲထင်ပြီး ရေခဲမုန့်လေး နည်းနည်းစားလိုက်တာ ခေါင်းတွေပိုမူးလာပြီး ပျို့အန်လာပါတယ်။ နောက်တော့ ဝမ်းတွေသွားတာ ၁၅ ခါသွားပြီး သတိမရတော့ဘူး။ မိတ်ဆွေတွေ၊ ဆွေမျိုးတွေက နီးစပ်ရာဆေးခန်းနဲ့ဆေးရုံကို ပို့ဆောင်ခဲ့လို့ အသက်မဆုံးရှုံးခဲ့တာပါ။ အရင်ဦးဆုံး တချို့ဧည့်သည်တွေပြန်ကြတာ ရော်ဘာခြံနားမှာပဲ မူးမော်အော့အန်တာတွေဖြစ်ကြပြီး နီးစပ်ရာ ကျေးလက်ဆေးပေးခန်းမှာ ကုသခဲ့ကြရပါတယ်”ဟု ပြောကြားခဲ့သည်။ အစာအဆိပ်သင့်၍ ကျေးလက်ဆေးပေးခန်းနှင့် ကျုံ့ဒိုးမြို့ ပြည်သူ့ဆေးရုံတွင် ၁၀ ဦးခန့်၊ ကော့ကရိတ်မြို့နယ် ပြည်သူ့ဆေးရုံတွင် ၂၇ ဦးခန့် တက်ရောက်ကုသခဲ့ရကြောင်း သိရသည်။

နိုင်နိုင်ထွန်း(ကျုံ့ဒိုး)

ကားပေါ် မိုးကာတက်အုပ်ရာမှ ဓာတ်ကြိုးနှင့်ထိမိ၍ ဓာတ်လိုက်သေဆုံး

ဖန်းမော် ဇွန် ၇

ဗန်းမော်ရဲတပ်ဖွဲ့စခန်းမှ ဒုရဲအုပ်ကျော်ကိုကိုသန်းသည် ဇွန် ၆ ရက် ညနေ ၃ နာရီ ၁၅ မိနစ်က ရဲစခန်းတာဝန်မှူး လုပ်ငန်းဆောင်ရွက်နေစဉ် အမျိုးသားတစ်ဦး ဓာတ်လိုက်သေဆုံး၍ ဆေးရုံသို့ရောက်ရှိနေကြောင်း သတင်းရရှိသဖြင့် သွားရောက်ကြည့်ရှုစစ်ဆေးရာ ယင်းနေ့ မွန်းလွဲ ၂ နာရီ မိနစ် ၄၀ က ညောင်ပင်ရပ် မြန်မာ့စီးပွားရေးဘဏ် တောင်ဘက်လမ်းကြားအတွင်း ယာဉ်မောင်းဇော်ဇော်မောင်းနှင်သောကုန်ကား ရပ်တန့်ထားရှိစဉ် မိုးရွာလာသဖြင့် ယာဉ်နောက်လိုက် ထက်ဖြိုးအောင်(၂၄ နှစ်)မင်းကုန်းရပ်ကွက်က ပလတ်စတစ် (အဖြူရောင်) မိုးကာကို ကားပေါ်သို့တက်အုပ်ရာမှ ဓာတ်တိုင်တွင် သွယ်တန်းထားသော ဓာတ်ကြိုးများနှင့်ထိမိ၍ လည်ပင်း၌ မီးလောင်ဒဏ်ရာရပြီး သေဆုံးခဲ့ခြင်း ဖြစ်သည်။

အဆိုပါအမှုနှင့်ပတ်သက်၍ ဗန်းမော်ရဲစခန်းကအမှုဖွင့်ပြီး ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ် မဟုတ် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဝါဝါ(ဗန်းမော်)

ပြည်တွင်းသတင်း

ရန်ကုန်ပဲဈေးကွက် ဈေးနှုန်းမြင့်တက်

ရန်ကုန် ဇွန် ၇

ရန်ကုန်ပဲဈေးကွက်တွင် ဇွန် ၇ ရက်က မတ်ပဲ RC တစ်တန် ငွေကျပ် ၅၅၅၀၀၀ ၊ SQ.RC တစ်တန် ငွေကျပ် ၅၉၃၀၀၀၊ ပဲစင်းငုံနီ RC တစ်တန် ငွေကျပ် ၆၅၅၀၀၀၊ ပဲတီစိမ်းတစ်ပိဿာ(ပခုက္ကူ) ငွေကျပ် ၁၂၃၀-၁၂၃၅၊ ပြည်ပပို့ FOB ပဲဈေးနှုန်းမှာ မတ်ပဲ FAQ တစ်တန် ဒေါ်လာ ၆၀၀-၆၃၀၊ ပဲစင်းငုံနီ FAQ တစ်တန် ဒေါ်လာ ၇၂၀-၇၅၀၊ ပဲတီစိမ်း FAQ (ပခုက္ကူ)တစ်တန် ဒေါ်လာ ၉၃၀-၉၆၀ ဖြစ်ကြောင်း သိရသည်။

ယခင်နှစ် ၂၀၁၂ ခုနှစ် ဇွန် ၇ ရက်က မတ်ပဲ RC တစ်တန် ငွေကျပ် ၃၉၉၀၀၀၊ ပဲစင်းငုံနီတစ်တန် ငွေကျပ် ၄၆၃၀၀၊ ပဲတီစိမ်း (ပခုက္ကူ)တစ်ပိဿာ ၈၃၀-၈၃၅ ကျပ်၊ ပြည်ပပို့ FOB ပဲဈေးနှုန်းများမှာ မတ်ပဲ FAQ တစ်တန် ဒေါ်လာ ၄၉၅-၅၁၅၊ ပဲစင်းငုံနီ FAQ တစ်တန် ဒေါ်လာ ၅၈၀-၆၀၀၊ ပဲတီစိမ်း (ပခုက္ကူ) FAQ တစ်တန် ဒေါ်လာ ၆၅၀-၆၇၀ နှုန်းသာရှိကြောင်း ပဲဈေးနှုန်းဟောင်းစာရင်းများအရ သိရသည်။ ယခုနှစ်ဇွန်လဆန်းပဲဈေးနှုန်းများသည် ပြည်တွင်းဈေးကွက်နှင့် ပြည်ပပို့ဈေးကွက်များတွင်ပါ ယခင်နှစ်ကာလတူထက် တစ်တန်လျှင် နှစ်သိန်းဝန်းကျင်ဈေးမြင့်နေပြီး ပြည်ပပို့ FOB ဈေးနှုန်းများမှာ တစ်တန်လျှင် ဒေါ်လာ ၁၀၀ မှ ၃၀၀ ကြားအထိ ဈေးမြင့်လာကြောင်း သိရသည်။ ပဲဈေးနှုန်းများ မြင့်တက်လာသော်လည်း ၂၀၁၀ခုနှစ် ပဲဈေးနှုန်းများဖြစ်သော မတ်ပဲတစ်တန် RC ကျပ် ၁၂ သိန်း၊ ပဲစင်းငုံနီ RC တစ်တန်ကျပ် ၁၁ သိန်းလေးသောင်း၊ ပဲတီစိမ်း တစ်တန် ၁၇ သိန်းနှုန်းအထိ မြင့်တက်မှုမရှိကြောင်း ပဲကုန်သည်တစ်ဦးက ဆိုသည်။ **ခင်ဆိုင်**

မိုးဦးကာလရော်ဘာပျိုးပင်များ အရောင်းအဝယ်ကောင်း၍ ခြံပိုင်ရှင်များစိုက်ပျိုး

ကျုံဒိုး ဇွန် ၇

ကရင်ပြည်နယ်ရှိ မြို့နယ်၊ မြို့နယ်ခွဲနှင့်ကျေးလက်ဒေသ ကျေးရွာများတွင် မိုးဦးကာလများ၌ လယ်ယာမြေများနှင့် မြေလွတ်မြေရိုင်းများတွင် မိုးစပါးများစိုက်ပျိုးခြင်း၊ ရော်ဘာပင်များ၊ သစ်မွှေးပင်များနှင့် မိုးဦးရာသီသီးနှံများကို စိုက်ပျိုးလျက်ရှိသည်။ အချို့စိုက်ပျိုးထားသော ခြံမြေများတွင် ဆုံးရှုံးသွားသောအပင်များကို ပြန်လည်ဝယ်ယူ ဖြည့်စွက်စိုက်ပျိုးနေကြသည်ကိုလည်း နေရာအများအပြားတွင် တွေ့ရှိရသည်။

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့တွင် ဇွန် ၅ ရက်က ခြံမြေရှိသော ခြံပိုင်ရှင်တစ်ဦးက မိုးတွင်းကာလစိုက်ပျိုးနိုင်ရန်အတွက် ရော်ဘာပျိုးပင်များကို ပျိုးပင်များရောင်းသောနေရာများ၌ဝယ်ယူပြီး မိမိအိမ်ခြံတွင် သယ်ယူနေသည်ကို တွေ့ရသည်။ ခြံပိုင်ရှင်တစ်ဦးက "ခြံရှိပြီးငွေမရှိလို့ မစိုက်ဖြစ်တာပါ။ ဒီနှစ်တော့ စီးပွားရေးနည်းနည်း အဆင်ပြေတာနဲ့ ဝယ်စိုက်တာပါ။ ခြံလည်း အလေအလွင့်မဖြစ်သလို စိုက်ပျိုးထားတဲ့အတွက် တခြားအလုပ်လည်း လွယ်လင့်တကူ လုပ်လို့ရတာပေါ့" ဟု ပြောပြသည်။ **နိုင်နိုင်ထွန်း(ကျုံဒိုး)**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၇-၆-၂၀၁၃

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

၁၆ ပဲရည်(အခေါက်ရွှေ)	တစ်ကျပ်သား	၇၁၀၀၀၀
၁၅ ပဲရည်	တစ်ကျပ်သား	၆၆၈၅၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၅၁ ကျပ်
ဥရောပ	တစ်ယူရို	၁၂၄၆ ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၆၃ ကျပ်
ထိုင်း	တစ်ဘတ်	၃၂. ၈ ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၇. ၁၁ ကျပ်
တရုတ်	တစ်ယွမ်	၁၅၈ ကျပ်
မလေးရှား	ရင်းဂစ်	၃၁၅ ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၈၆၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၈၆၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၇၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၀၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၃၀၀၀ - ၅၂၀၀ ကျပ်
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၁၃၀၀ - ၂၆၀၀ ကျပ်
၃။	ငါးရံ့	တစ်ပိဿာ	၅၀၀၀ - ၇၈၀၀ ကျပ်
၄။	ငါးဖယ်	တစ်ပိဿာ	၅၅၀၀ -၁၂၀၀၀ ကျပ်
၅။	ပုစွန်(ကျော့)	တစ်ပိဿာ	၃၀၀၀ - ၆၃၀၀ ကျပ်
၆။	ပုစွန်တုပ်	တစ်ပိဿာ	၁၂၀၀၀ -၂၇၀၀၀ ကျပ်
၇။	ငါးသလောက်	တစ်ပိဿာ	၁၄၀၀၀ -၂၇၀၀၀ ကျပ်
၈။	ကြက်	တစ်ပိဿာ	၄၅၀၀ -၁၂၀၀၀ ကျပ်
၉။	ဝက်	တစ်ပိဿာ	၄၀၀၀ - ၈၀၀၀ ကျပ်
၁၀။	အမဲ	တစ်ပိဿာ	၃၅၀၀ - ၇၀၀၀ ကျပ်
၁၁။	ဆိတ်	တစ်ပိဿာ	၁၁၀၀၀ -၁၅၀၀၀ ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။	နွေဆန်	တစ်အိတ်	၁၇၂၀၀
၂။	ပေါ်ကြွဲ	တစ်အိတ်	၂၀၅၀၀
၃။	ပေါ်ဆန်း	တစ်အိတ်	၂၃၀၀၀-၂၉၀၀၀
၄။	မြေပဲဆီ	တစ်ပိဿာ	၃၉၀၀
၅။	စားအုန်းဆီ	တစ်ပိဿာ	၁၅၂၇
၆။	ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၄၀၀-၄၅၀
၇။	ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၅၀-၁၇၅၀
၈။	ကြူကုတ်ကြက်သွန်ဖြူ	တစ်ပိဿာ	၁၄၀၀-၁၅၀၀
၉။	အာလူး(အောင်ပန်း)	တစ်ပိဿာ	၇၃၀-၈၆၀
၁၀။	ဝါးခယ်မငရုတ်ရှည်	တစ်ပိဿာ	၁၈၀၀-၁၈၅၀
၁၁။	ဆင်ဖြူကျွန်းငရုတ်ပွ	တစ်ပိဿာ	၄၀၀၀-၄၄၀၀
၁၂။	သကြား	တစ်ပိဿာ	၈၇၀-၉၇၅

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်သည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

မိုးနှမ်းစိုက်တောင်သူများ ကဆုန်မိုးကြောင့် အချိန်မီ နှမ်းပေါင်းလိုက်

လင်းခေး ဇွန် ၇

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးဒေသသည် ပူပြင်းခြောက်သွေ့သော ရာသီဥတုကိုသာ ရရှိသောကြောင့် ဒေသခံနှမ်းစိုက်တောင်သူ အများစုသည် နှစ်စဉ်နှမ်းစိုက်ပျိုးရာသီတွင် မိုးကိုလိုအပ်သောအချိန်အခါ၌ အချိန်မီအခါမီမရရှိခြင်းကို ကြုံတွေ့ရသဖြင့် နှမ်းစိုက်ပျိုးသည့် ကုန်ကျစရိတ်များ ဆုံးရှုံးခဲ့ကြသည်ဟု သိရသည်။

"ဒီနှစ်မှာတော့ အစောပိုင်းတန်ခူးလဆုတ်မှာ ရွာသွန်းပေးခဲ့တဲ့မိုးကြောင့် ကဆုန်လဆန်းတစ်ရက်၊ နှစ်ရက်တွေမှာ ကျွန်တော်တို့ နှမ်းစိုက်တောင်သူ တော်တော်များများက မိုးနှမ်းအချိန်မီ ကြဲစိုက်လိုက်နိုင်ပါတယ်။ ပြီးတော့ နှမ်းပင်လေးတွေက စိုက်ပြီး ၁၅ ရက်နဲ့ ရက် ၂၀ ရောက်တဲ့အချိန်မှာ အပင်အရွယ်အစားလေးလက်မနဲ့ ခြောက်လက်မအထိ ဖြစ်လာပါတယ်။ အဲဒီအချိန်ဆို တောင်သူတွေက နှမ်းပေါင်းလိုက်ချိန်ဖြစ်ပါတယ်။ ကျွန်တော်တို့လင်းခေး နှမ်းစိုက်တောင်သူတွေက နှမ်းရွက်ခြောက်ရွက် ဖြာထွက်လာပြီဆိုရင် ပေါင်းလိုက်ကြတယ်။ မမျှော်လင့်ဘဲ နှစ်ရက်လောက်မှာ ကဆုန်မိုးရွာပေးလိုက်တာကြောင့် ကျွန်တော်တို့ နှမ်းစိုက်တောင်သူတွေ အခုလို နှမ်းပေါင်းလိုက် နိုင်ခဲ့ကြကြောင်း၊ ပေါင်းလိုက်ပြီး တစ်ပတ်လောက်အတွင်း မိုးဆက်ရမယ်ဆိုရင် မိုးနှမ်းဖြစ်ထွန်းအောင်မြင် သွားပြီလို့ ပြောနိုင်ပါတယ်"ဟု ဇွန် ၅ ရက်က လင်းခေးမြို့ ပင်ထနောင်း ကျေးရွာနေ နှမ်းစိုက်တောင်သူ ဦးစိုင်းယန္တနှင့် ဇနီးနန်းမိုလင်းတို့က (နှမ်းပေါင်းလိုက်နေစဉ်) ပြောပြချက်အရ သိရသည်။ **စိုင်းဇော်လတ်(လင်းခေး)**

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

ရခိုင်ပြည်နယ်အစိုးရအဖွဲ့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်အတွင်း မြို့နယ်အလိုက်ယာယီနေရာချထားရေးစခန်းများ၌ ယာယီကျန်းမာရေးဆေးပေးခန်းများ ဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါသည်။

တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - ၈-၆-၂၀၁၃ ရက်
တင်ဒါလျှောက်လွှာပိတ်ရက် - ၁၂-၆-၂၀၁၃ ရက်
တင်ဒါဖွင့်ရက်နှင့်အချိန် - ၁၃-၆-၂၀၁၃ ရက်၊ မွန်းလွဲ ၂း၀၀နာရီ

၂။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းမျဉ်းစည်းကမ်းများနှင့် အသေးစိတ်အချက်အလက်များကို ရခိုင်ပြည်နယ် ကျန်းမာရေးဦးစီးဌာနရုံးတွင် စုံစမ်း၍ လျှောက်လွှာတစ်စောင်လျှင် ငွေကျပ် ၅၀၀၀/- (ကျပ်ငါးထောင်တိတိ)နှုန်းဖြင့် ဝယ်ယူတင်သွင်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရွေးချယ်ရေးအဖွဲ့

အမြန်ရောင်းမည်

သုဝဏ္ဏ VIP၊ ဆိတ်ငြိမ်ရပ်ကွက်၊ အသင့်နေထိုင်နိုင်သော နှစ်ထပ် RC၊ တိုက်အသစ်၊ ခြံအကျယ်ပေ(၁၀၀×၆၀)၊ မျက်နှာစာနှစ်ဖက်ပါ၊ နှစ်ယောက်အိပ်ခန်းသုံးခန်း၊ ရိုးရိုးအိပ်ခန်းတစ်ခန်း၊ အဲယားကွန်းရှစ်လုံး၊ ကြိုးဖုန်းတစ်လုံး၊ ပါဝါမီတာ၊ ဝန်ထမ်းမိသားစုနှစ်စု သီးသန့်နေထိုင်နိုင်သော အိပ်ခန်းနှစ်ခန်း၊ ရေချိုးခန်း၊မီးဖိုခန်းပါသော ကားနှစ်စီးဆံ့ နှစ်ထပ်ကားဂိုဒေါင်၊ ခြံကျယ်ကျယ်နှင့် စိတ်အေးလက်အေး နေထိုင်လိုသူများအတွက် ပတ်ဝန်းကျင်ကောင်း၊ နေရာသန့်၊ အလွန်သက်သာသောဈေး၊ (ကျပ်သိန်း ၅၇၀၀)၊ **ဆက်သွယ်ရန်ဖုန်း-၀၉-၅၁၇၈၉၇၉၊ ၀၉-၄၃၀၂၂၈၂၈၊ ၀၉-၅၅၀၄၀၇၁၊ ၀၁-၂၄၁၁၉၄၊ ၀၁-၂၄၆၇၉၂**

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လှိုင်သာယာမြို့နယ်၊ အနော်ရထာစက်မှုဇုန်အပိုင်း(၂)၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀)၊ မြေကွက်အမှတ်(0-1),(0-2),(0-3),(0-4)မြေကွက်ပိုင်ရှင်မှ ဂရုဏာကြေးငွေအား ဦးအောင်ဝိုင်းအား ပေးမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ၁၀ ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းဖြင့် ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဂရုဏာကြေးပေးအပ်ခြင်းအား သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဘေဘီထွန်း B.A(Law), LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၅၀၄၉)
အမှတ်(၃)၊ ၃၄-လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၃၈၈၀၈၁

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်းမ၊ တိုက်အမှတ် ၁၅၈/B၊ ဒုတိယထပ်၊ အကျယ် အလျား ၂၃ပေ×အနံ ၆၃ပေရှိ တိုက်ခန်း၊ ဖုန်းနှင့်တကွ အကျိုးခံစားခွင့်အားလုံးတို့အား တရားဝင်လက်ရှိပိုင်ဆိုင်ထားသူ ဦးရဲအောင်အောင်တင် ၁၀/မဒန(နိုင်)၁၆၃၂၁၀ နှင့် ဒေါ်သင်းသင်းအိ ၁၀/မဒန(နိုင်)၁၆၃၁၉၈တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် တိုက်ခန်းတန်ဖိုးငွေ၏ စရန်ငွေအားပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါတိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မြလှဲ့ဝင်း LL.B, D.B.L
အထက်တန်းရှေ့နေ
အမှတ် ၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၇၀၅၄၄၅၊ ၀၁-၉၆၆၉၀၀၄၊ ၀၉-၅၁၅၁၈၃၃

နိုင်ငံတကာအားကစားသတင်း

ယူအီးအက်ဖ်အေ ယူ-၂၁ ဘောလုံးပြိုင်ပွဲ စပိန်နှင့် နယ်သာလန်တို့ နိုင်ပွဲကိုယ်စီရခဲ့

ယူအီးအက်ဖ်အေ ယူ-၂၁ ဘောလုံးပြိုင်ပွဲကို အစ္စရေးနိုင်ငံ၌ ဆက်လက်ကျင်းပလျက်ရှိရာ အုပ်စု (B) မှ စပိန်နှင့်ရုရှားတို့ပွဲတွင် စပိန်တို့နိုင်ပွဲရပြီး နယ်သာလန်နှင့် ဂျာမနီတို့ပွဲ၌ နယ်သာလန်တို့က နောက်ကျဂိုးဖြင့် နိုင်ပွဲရရှိကာ သုံးမှတ်အပြည့် ရယူနိုင်ခဲ့ကြသည်။

စပိန်နှင့် ရုရှား

ယူအီးအက်ဖ်အေ ယူ-၂၁ ပြိုင်ပွဲ၌ ဗိုလ်စွဲမည်ဟု နာမည်ကြီးနေသော စပိန်တို့ ရုရှားကို ခက်ခဲစွာကစားခဲ့ရသည်။ စပိန်အသင်းသည် အပေးအယူ အချိတ်အဆက်မိမိဖြင့် ကစားနိုင်ပြီး ရုရှားနောက်တန်းကို ဖြတ်ကျော်ဂိုးသွင်းရန် ကြိုးစားခဲ့သော်လည်း ရုရှားတို့က အမှားအယွင်းနည်းနည်းဖြင့် ဟန့်တားထိန်းချုပ်နိုင်ခဲ့သဖြင့် စောစီးစွာ ဂိုးမသွင်းနိုင်ခဲ့ခြင်းဖြစ်သည်။

ရုရှားအသင်းသည် လျင်လျင်မြန်မြန်ဖြင့် ကစားခဲ့သော်လည်း စပိန်တို့က ပါးနပ်စွာ ဟန့်တားနိုင်ခဲ့ခြင်းကြောင့် ရုရှားတိုက်စစ်မှူးများ ဂိုးရအောင် မသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ နှစ်သင်းစလုံး အပြန်အလှန်ထိုးဖောက်ကာ တိုက်စစ်ဆင်ကစားနိုင်ခဲ့သော်လည်း ပထမပိုင်းပွဲချိန်အတွင်း ဂိုးရရှိအောင် မသွင်းနိုင်ခဲ့ချေ။

ဒုတိယပိုင်း ပွဲချိန်တွင်လည်း ရုရှားတို့က ဂိုးရရှိရေးတိုက်စစ်မြှင့်တင်ခဲ့သော်လည်း ရှက်ချင်နီကော့ဗ်၊ ဂရီရိုရက်ဗ်နှင့်ရှာတော့ဗ်တို့သာ အဝါကတ်များထိခဲ့သည်။ ပွဲချိန် ၈၂ မိနစ်၌ စပိန်မှ မိုရာတာက ဂိုးသွင်း ယူနိုင်ခဲ့သဖြင့် စပိန်တို့ပွဲကို ဦးဆောင်နိုင်ခဲ့သည်။ ပွဲချိန်ပြည့်သည်အထိ ရုရှားတို့ ချေပဂိုးမသွင်းနိုင်ခဲ့သဖြင့် ပွဲအပြီးတွင် စပိန်တို့က တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိကာ သုံးမှတ်အပြည့်သိမ်းပိုက်နိုင်ခဲ့ခြင်းဖြစ်သည်။

နယ်သာလန်နှင့် ဂျာမနီ

နာမည်ကြီးနှစ်သင်း ဆုံတွေ့သည့်ပွဲဖြစ်ရာ အကြိတ်အနယ်ရှိပြီး အပြန်အလှန် ဂိုးများသွင်းယူနိုင်ခဲ့သည်။ နယ်သာလန်တို့က အဝင်အထွက် ရဲရဲဖြင့် ထိုးဖောက်တိုက်စစ်ဆင်ခဲ့ရာ ပွဲချိန် ၂၄ မိနစ်တွင် မာဟာက နယ်သာလန်အတွက် အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ဆက်လက်ပြီး နယ်သာလန်တို့ ဖိကစားခဲ့ရာ ပွဲချိန် ၃၈ မိနစ်တွင် ဝီနယ်ဒန်က တစ်ဂိုးသွင်းယူခဲ့ပြန်သဖြင့် နယ်သာလန်တို့ နှစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်ခဲ့သည်။ ဂျာမနီအသင်းသည် ချေပဂိုးများ ပြန်သွင်းယူနိုင်ရေး ကြိုးစားခဲ့ရာ ပွဲချိန် ၄၁ မိနစ်တွင် ရူဒီက ပယ်နယ်တီမှတစ်ဆင့် ဂိုးသွင်းယူခဲ့သဖြင့် ဂျာမနီတို့ ချေပဂိုးရရှိသွားခဲ့သည်။ ပထမပိုင်းပွဲချိန်အပြီး၌ နယ်သာလန်တို့ နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။

နယ်သာလန်တို့ ဒုတိယပိုင်းပွဲချိန်အတွင်း ဂိုးများသွင်းယူနိုင်ရေး ဆက်လက်ကြိုးစားခဲ့သော်လည်း ပွဲချိန် ၈၁ မိနစ်တွင် ဟိုလ်ဘိုင်က ဂျာမနီအတွက် ဒုတိယချေပဂိုး သွင်းယူပေးနိုင်ခဲ့သဖြင့် နှစ်ဂိုးစီဖြစ်နေခဲ့သည်။ နောက်ဆုံးပွဲချိန်အထိ ကစားအားမချခဲ့သော နယ်သာလန်တို့ ပွဲချိန် မိနစ် ၉၀ တွင် ဖာက တစ်ဂိုးသွင်းနိုင်ခဲ့ရာမှ ပွဲအပြီးတွင် နယ်သာလန်တို့ သုံးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

မိုးမြင့်လင်းလက်-ရေးသားသည်

ဆီရီနာဝီလျံနှင့် ရှာရာပိုဗာ ယနေ့ ဗိုလ်လုမည်

ဆီရီနာဝီလျံသည် ပြင်သင်အိုးပင်းဖလားကို ဒုတိယအကြိမ်ဆွတ်ခူးရန်ပြင်ဆင်နေပြီဖြစ်သည်။ သူမနှင့် လက်ရှိချန်ပီယံ ရှာရာပိုဗာတို့သည် ဇွန် ၈ ရက်တွင် ဗိုလ်လုပွဲကစားကြတော့မည်ဖြစ်သည်။ ကမ္ဘာ့နံပါတ်တစ်ဆီရီနာဝီလျံနှင့်ကမ္ဘာ့အဆင့်နှစ်ရှိ ရှာရာပိုဗာတို့သည် အကြိုဗိုလ်လုပွဲတွင် အသီးသီးသောပြိုင်ဘက်များကို အနိုင်ရခဲ့ကြပြီး ဇွန် ၈ ရက်တွင် ဗိုလ်လုပွဲကစားရန်ပြင်ဆင်လေ့ကျင့်လျက်ရှိသည်။ ဆီရီနာဝီလျံသည် အီတလီမှ ဆာရားအာရန်နီကို ၆-၀၊ ၆-၁ ဖြင့်နိုင်ပြီး ဗိုလ်လုပွဲတက်ခဲ့သည်။ ရှာရာပိုဗာက အဇာရင်ကာကို ၆-၁၊ ၂-၆၊ ၆-၄ ဖြင့်နိုင်ပြီး ဗိုလ်လုပွဲတက်ခဲ့သည်။

ရစ်ဘာရီအား ဘိုင်ယန်မြူးနစ်ထပ်မံစာချုပ်

ဘိုင်ယန်မြူးနစ်တောင်ပံတိုက်စစ်မှူး ဖရန့်ရစ်ဘာရီအား ယင်းကလပ်က ၂၀၁၇ ခုနှစ်အထိ ထပ်မံစာချုပ်လိုက်သည်။ အသက် ၃၀ အရွယ်ရှိ ပြင်သစ်လက်ရွေးစင်ရစ်ဘာရီသည် တစ်ရာသီတည်းတွင် ဘိုင်ယန်မြူးနစ်ကို ဘွန်ဒက်စ်လီဂါဖလား၊ ချန်ပီယံလိဂ်ဖလားနှင့် ဂျာမန်ပိုကယ်ဖလားတို့ကို ဆွတ်ခူးပေးနိုင်သူဖြစ်လာခဲ့သည်။ ၎င်းသည် ပြီးခဲ့သောရာသီက ဘိုင်ယန်မြူးနစ်အတွက် ၄၃ ပွဲ ကစားခဲ့ပြီး ၁၁ ဂိုးသွင်းယူခဲ့သည်။

ဖာနန်ဒင်ဟိုအား မန်စီးတီး ပေါင်သန်း ၃၀ ဖြင့်စာချုပ်

ရှက်တာဒိုးနက် ကွင်းလယ်ကစားသမားဖာနန်ဒင်ဟိုအား မန်စီးတီးက ပေါင်သန်း ၃၀ ဖြင့် စာချုပ်လိုက်ပြီဖြစ်သည်။ အသက် ၂၈ နှစ်အရွယ်ရှိ ဖာနန်ဒင်ဟိုသည် ဘရာဇီးလက်ရွေးစင်ကစားသမားဖြစ်ပြီး ဘရာဇီးအသင်းအတွက်ငါးကြိမ် အသင်းခေါင်းဆောင်အဖြစ် ပါဝင်ကစားခဲ့သည်။ ၎င်းအား မန်စီးတီးက လေးနှစ်စာချုပ်လိုက်သည်။ ယင်းကဲ့သို့ စာချုပ်လိုက်ခြင်းဖြင့် ယူကရိန်းတွင် ရှစ်နှစ်ကြာကစားခဲ့မှုမှာလည်း အဆုံးသတ်သွားပြီဖြစ်သည်။

ကောင်းမြတ်သူ စုစည်းသည်

ဘောလုံးသတင်း အတိုအထွာ

မောင်ချစ်ကြည်

- ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက မန်စီးတီးတိုက်စစ်မှူး ဒီဇီကိုအား ခေါ်ယူလိုကြောင်း ထုတ်ဖော်ပြောကြားသည်။
- လီဗာပူးအသင်းသည် နောက်ခံလူအက်ဂါအား အသင်း၌ဆက်လက်ကစားစေရန် စာချုပ်သစ် ထပ်မံချုပ်ဆိုမည်ဖြစ်သည်။
- ရီးရဲမက်ဒရစ်နောက်ခံလူ အသက် ၃၀ အရွယ်ရှိ ပီပီအား မန်စီးတီးက ပြောင်းရွှေ့ကြေးပေါင် ၂၁ သန်းဖြင့် ခေါ်ယူမည်ဖြစ်သည်။
- ဘိုင်ယန်မြူးနစ်တိုက်စစ်မှူး ဂိုမက်ဇ်အား နာပိုလီအသင်းက ခေါ်ယူရန်စိတ်ဝင်စားလျက်ရှိသည်။
- ဘရာဇီးကွင်းလယ်ကစားသမား ပေါလင်ဟိုအား အင်တာမီလန်က စာချုပ်ချုပ်ဆိုခေါ်ယူရန် ကြိုးစားလျက်ရှိသည်။
- ပီအက်စ်ဂျီအသင်း တာဝန်ရှိသူများက ပြင်သစ်အသင်းနည်းပြဟောင်းလောရင့်ဘလန့်အား နည်းပြတာဝန်ပေးရန် စိတ်ဝင်စားလျက်ရှိသည်။
- လီဗာပူးအသင်းခေါင်းဆောင် ဂျရတ်သည် ပခုံးဒဏ်ရာ ခွဲစိတ်ကုသမှုခံယူရန်ရှိနေပြီး ရက်ရှည်အနားယူရမည်ဖြစ်သည်။
- မော်ရင်ဟိုသည် ချယ်လ်ဆီးနည်းပြအဖြစ် ပြန်လည်တာဝန်ယူခြင်းမှာ မှားယွင်းကြောင်း ဟာရီရက်နက်စ်က ထုတ်ဖော်ပြောကြားသည်။
- မန်ယူကစားသမားဟောင်း ဖီးလ်နဗီးကို မန်ယူနည်းပြအဖွဲ့တွင် အဖွဲ့ဝင်အဖြစ်ခေါ်ယူမည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

အမည်ပြောင်း

မကွေးမြို့၊ ရန်ပယ်ရပ်၊ မဲထီးလမ်းနေ ဦးနိုင်လင်း ၈/မကန(နိုင်)၀၁၆၆၃၉၏သမီးများဖြစ်သော အထက(၂)မှ နဝမတန်းအောင်မြင်ခဲ့သည့် မဝတ်မှုံဦးအား မရူပနိုင်လင်းဟုလည်းကောင်း၊ အထက(၃)၊ သတ္တမတန်းမှ မဇင်မီနိုင်အား မဇင်မီနိုင်လင်းဟုလည်းကောင်း ပြောင်းလဲခေါ်ပါရန်။

မရူပနိုင်လင်း၊ မဇင်မီနိုင်လင်း



တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ် (၈၈-၄၇)နေ မောင်ဆန်းမြင့်လွင် ၅/ကသန(နိုင်)၀၆၆၉၀၂၏ဖခင်အမည် ဦးမြူး(ခ)ဦးခင်မောင်ဆန်း ၅/ကသန(နိုင်)၀၁၇၂၂၃သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးမြူး(ခ)ဦးခင်မောင်ဆန်း

ဖခင်အမည်မှန်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗညားဒလရပ်ကွက်၊ အမှတ်၄၀၆နေ မခင်ချောစုကြည် (တက္ကသိုလ်ဝင်တန်း) ၁၂/တမန(နိုင်)၀၁၉၇၉၂ ၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်သိန်းကြည် ၁၂/သလန(နိုင်)၀၁၆၄၉၈ ဖြစ်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၈/သမိုင်း၊ မြေကွက်အမှတ် ၆/ခ၁၊ ၆/ဃ၂၊ မြေကွက်တည်နေရာအမှတ် ၂၉၊ အနောက်မေခလမ်း (၁)လမ်း၊ ၆ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ဒေါ်တင်တင် အမည်ပေါက် ဘီ၊ မြေပိုင်မြေ၊ အိမ်ရာမြေအား အမည်ပေါက် မိခင်ဒေါ်တင်တင်နှင့် ဖခင် ဦးလှဘုန်းတို့ ကွယ်လွန်သဖြင့် ဒေါက်တာဇင်သက်မာ ၁၂/မရက(နိုင်)၀၇၁၈၂၃နှင့် ဦးတင်မောင်အေး ၁၃/လရန(နိုင်)၀၀၆၈၇၂ တို့၏ အထွေထွေကိုယ်စားလှယ် ၆၈၂/၁၃ (၂-၅-၁၃)ရရှိသူ ဒေါ်လွင်လွင်ခိုင် ၁၂/ ဥကတ(နိုင်) ၁၅၄၄၈၁ က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း၊ G/P တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်ထဲရေးဝန်ကြီးဌာန

တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၏ အောက်ဖော်ပြပါ တပ်ဖွဲ့/ဦးစီးဌာနများတွင် အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်ရှိပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်။

- (က) **မြန်မာနိုင်ငံရဲတပ်ဖွဲ့**။နေပြည်တော်အပါအဝင်တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံး။
- (ခ) **အကျဉ်းဦးစီးဌာန**
  - (၁) **ပဲခူးတိုင်းဒေသကြီး**။ သာယာဝတီမြို့နယ်၊
  - (၂) **ကချင်ပြည်နယ်**။ မိုးညှင်းမြို့နယ်၊
  - (၃) **မွန်ပြည်နယ်**။ မော်လမြိုင်မြို့နယ်၊
  - (၄) **ရခိုင်ပြည်နယ်**။ ကျောက်ဖြူမြို့နယ်၊
- (ဂ) **မီးသတ်ဦးစီးဌာန**
  - (၁) **နေပြည်တော်**။ ဇမ္ဗူသီရိ၊ ပုဗ္ဗသီရိမြို့နယ်များ
  - (၂) **စစ်ကိုင်းတိုင်းဒေသကြီး**၊ ကျွန်းလှ၊ ကလေးမြို့နယ်များ
  - (၃) **တနင်္သာရီတိုင်းဒေသကြီး**။ ကျွန်းစု၊ ဘုတ်ပြင်း၊ ထားဝယ်မြို့နယ်များ
  - (၄) **ပဲခူးတိုင်းဒေသကြီး**။ မင်းလှ၊မိုးညိုမြို့နယ်များ
  - (၅) **မကွေးတိုင်းဒေသကြီး**။ ဆော၊ ငဖဲ၊ ရေနံချောင်း ကံမ၊ ဆိပ်ဖြူမြို့နယ်များ
  - (၆) **မန္တလေးတိုင်းဒေသကြီး**။ ပြင်ဦးလွင်၊ ညောင်ဦးမြို့နယ်များ
  - (၇) **ရန်ကုန်တိုင်းဒေသကြီး**။ မီးသတ်ဌာနချုပ်၊ မင်္ဂလာတောင်ညွန့်၊ တိုက်ကြီးမြို့နယ်များ
  - (၈) **ဧရာဝတီတိုင်းဒေသကြီး**။ ပုသိမ်၊ ကြံခင်း၊ ငပုတော၊ဟင်္သာတမြို့နယ်များ
  - (၉) **ကချင်ပြည်နယ်**။ မြစ်ကြီးနားမြို့နယ်
  - (၁၀) **ကယားပြည်နယ်**။ လွိုင်ကော်၊ ဒီမောဆို၊ ဘော်လခဲမြို့နယ်များ
  - (၁၁) **ကရင်ပြည်နယ်**။ သံတောင်ကြီးမြို့နယ်၊
  - (၁၂) **ချင်းပြည်နယ်**။ ထန်တလန်၊ မတူပီ၊မင်းတပ်မြို့နယ်များ
  - (၁၃) **ရှမ်းပြည်နယ်**။ ဖယ်ခုံ၊ကလော၊ဆီဆိုင်၊ဟိုပုန်း၊ပင်လောင်း၊ရွာငံ၊ လင်းခေး၊ မောက်မယ်၊မိုးနဲ၊တောင်ကြီး၊ ကျေးသီး၊ တန့်ယန်း၊ ပင်းတယ၊တာချီလိတ်၊ ကျိုင်းတုံ၊ မိုင်းဆတ်မြို့နယ်များ

၂။ အဆိုပါလုပ်ငန်းများအတွက် ပြည်တွင်းနိုင်ငံသား ကုမ္ပဏီလုပ်ငန်းရှင်များသည် လုပ်ငန်းဆိုင်ရာ အဆိုပြုလွှာကို ၁၁-၆-၂၀၁၃ရက်မှစတင်၍ ဝယ်ယူနိုင်ပြီး ၁၀-၇-၂၀၁၃ရက် နောက်ဆုံးထား၍ ပေးပို့တင်သွင်းသွားရန် ဖြစ်ပါသည်။

၃။ တင်ဒါစည်းကမ်းချက်များနှင့် အဆိုပြုလွှာတွင်ပါဝင်ရမည့် အချက်အလက်များကို ရုံးအမှတ်(၁၀)၊ ပြည်ထဲရေးဝန်ကြီးဌာနတွင် ဝယ်ယူနိုင်ပြီး တင်ဒါစည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါ အဆိုပြုလွှာတင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါတင်သွင်းမည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်နှင့် ကုမ္ပဏီ Profile ကိုပါ တင်ပြရမည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

(က)	**ပြည်ထဲရေးဝန်ကြီးရုံး**	ဖုန်း - ၀၆၇-၄၁၂၄၃၆၊၀၆၇-၄၁၂၄၃၇
(ခ)	**မြန်မာနိုင်ငံရဲတပ်ဖွဲ့**	ဖုန်း - ၀၆၇-၄၁၂၁၃၈၊၀၆၇-၄၁၂၂၅၈
(ဂ)	**အကျဉ်းဦးစီးဌာန**	ဖုန်း - ၀၆၇-၄၃၁၄၁၆၊၀၆၇-၄၃၁၄၂၀
(ဃ)	**မီးသတ်ဦးစီးဌာန**	ဖုန်း - ၀၁-၆၆၁၅၄၄၊ ၀၁-၆၆၄၇၅၄

တင်ဒါရွေးချယ်ရေးဦးစီးကော်မတီ

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

တောင်ဥက္ကလာ၊ (၁၀)ရပ်ကွက်၊ သစ္စာလမ်းမအနီး၊ ပေ (၂၀×၆၀)၊ 2 B/N၊ ပြင်ဆင်ပြီး အသင့်နေနိုင်သည်။ **ကျပ်သိန်း(၁၁၀၀)**

ဖုန်း-၀၉-၄၂၁၁၆၃၅၆၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

သတင်းထုတ်ပြန်ကြေညာချက်

၁။ ၂-၆-၂၀၁၃တွင်ကျင်းပသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၏ အလုပ်အမှုဆောင်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ ၂၀၁၃-၂၀၁၆ခုနှစ် အမှုဆောင်သက်တမ်းအတွက် အလုပ်အမှုဆောင်အဖွဲ့နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်အသစ်များကို သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းပါ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ရွေးချယ်ရန်အတွက် ၂၀၁၃ ခုနှစ် ဇွန် ၁၅ ရက် (စနေနေ့) နံနက် ၈း၀၀နာရီမှ ၁၁း၃၀နာရီအတွင်း အလုပ်အမှုဆောင်ရွေးချယ်ပွဲကိုလည်းကောင်း၊ ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်များရွေးချယ်ပွဲကိုလည်းကောင်း ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ် ၂၉ ရှိ ကုန်သည်/စက်မှုအသင်းချုပ်ရုံး၌ ကျင်းပမည်ဖြစ်ပါသည်။

၂။ ရွေးချယ်တင်မြှောက်ပွဲကို ပွင့်လင်းမြင်သာပြီး စနစ်တကျရှိစေရန်အတွက် ရွေးချယ်တင်မြှောက်ပွဲကော်မရှင်ကို အတွေ့အကြုံရင့်ကျက်၍ အများကြည်ညိုလေးစားသော ပြင်ပပုဂ္ဂိုလ်များက တာဝန်ယူ ဦးဆောင်ပေးမည်ဖြစ်ပါသည်။

၃။ လက်ရှိဆောင်ရွက်နေသည့်အလုပ်အမှုဆောင်အဖွဲ့၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် အားလုံးက နုတ်ထွက်ပေးကြမည်ဖြစ်ပြီး သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းပါ စည်းကမ်းချက်များနှင့် ကိုက်ညီပြီး အသင်းဝင်သက်တမ်း တစ်နှစ်ရှိသည့် အသင်းသားများ(တွဲဖက်အသင်းသားနှင့် ဂုဏ်ထူးဆောင်အသင်းသားမှအပ)အနေဖြင့် အသင်းအမှုဆောင်အဖြစ် ရွေးချယ်ခံခွင့်ရှိပါသည်။

၄။ ရွေးချယ်တင်မြှောက်ပွဲသို့ ကုန်သည်စက်မှုအသင်းချုပ်၏ ၃၁-၃-၂၀၁၃ မတိုင်မီ ဝင်ရောက်ထားသော အသင်းသားများ(တွဲဖက်အသင်းသားနှင့် ဂုဏ်ထူးဆောင်အသင်းသားမှအပ)တက်ရောက်မဲပေးခွင့်ရှိပါသည်။

၅။ မဲစစ်ဆေးသည့်စနစ်၊ ရွေးချယ်အတည်ပြုသည့်စနစ်များကို ရွေးကောက်ပွဲကော်မရှင်၏ ဦးဆောင်မှုဖြင့် လွတ်လပ်သည့်ပြင်ပ Audit Firm မှ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ရွေးချယ်ခံရန်ကိုယ်တိုင်ဆန္ဒပြုလိုသူများနှင့် ဆန္ဒမဲပေးလိုသူများ ယူဆောင်လာရန်လိုအပ်သည့်အချက်များနှင့် Form ပုံစံများကို www.umfcci.net ဝက်ဘ်ဆိုဒ်တွင်လည်းကောင်း၊ ကုန်သည်စက်မှုအသင်းချုပ် မြေညီထပ်ကြော်ငြာသင်ပုန်း၌လည်းကောင်း ကြည့်ရှုနိုင်ပါသည်။

၆။ ရွေးချယ်ခံရန်အဆိုပြုလိုသူများနှင့် ဆန္ဒမဲပေးလိုသူများသည် ၆-၆-၂၀၁၃ နံနက် ၉း၃၀နာရီမှစတင်ပြီး ၁၀-၆-၂၀၁၃ ညနေ ၅း၀၀နာရီ နောက်ဆုံးထား၍ ကုန်သည်စက်မှုအသင်းချုပ်ရုံး(မြေညီထပ်)တွင် လာရောက်မှတ်ပုံတင်ပြီး ဆန္ဒမဲပေးခွင့်ကတ်ပြားများကို လာရောက်ထုတ်ယူနိုင်ပါသည်။

၇။ ရွေးချယ်ခံမည့်ပုဂ္ဂိုလ်များ၏ ကိုယ်ရေးအချက်အလက်များကို ရွေးကောက်ပွဲကော်မရှင်မှ စိစစ်ပြီး ၁၂-၆-၂၀၁၃ ညနေ ၄း၀၀နာရီတွင် www.umfcci.net ဝက်ဘ်ဆိုက်နှင့် ကုန်သည်စက်မှုအသင်းချုပ် မြေညီထပ်ကြော်ငြာသင်ပုန်းတို့၌ ရွေးချယ်ခံရမည့် ပုဂ္ဂိုလ်များ၏အမည်စာရင်း ထုတ်ပြန်ကြေညာပေးမည်ဖြစ်ပါသည်။

၈။ ရွေးချယ်တင်မြှောက်ပွဲနှင့်ပတ်သက်၍ အစီအစဉ်အသေးစိတ်များကို အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်သည်။

၉။ အသေးစိတ်ကိုဆက်လက်သိရှိလိုပါက ကုန်သည်စက်မှုအသင်းချုပ် ရွေးချယ်တင်မြှောက်ပွဲဆိုင်ရာ စိစစ်မှတ်ပုံတင်ရေးကော်မတီနှင့် အတွင်းရေးမှူးအဖွဲ့ ဖုန်း-၂၃၀၁၅၅၆၊ ၂၃၀၁၅၆၅၊ ၂၁၇၄၇၉၊ ၂၁၄၃၄၄မှ ၂၁၄၃၄၉အထိ လိုင်းခွဲ ၁၁၀သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

ကြော်ငြာ

C B BANK
eStatement
Enroll Now !
Save time
အချိန်ကုန်သက်သာ
Convenient
လွယ်ကူ
Safe
လုံခြုံ
LESS PAPER MORE TREES SAVE EARTH
ကမ္ဘာမြေ သာယာစိုပြည်ဖို့ စက္ကူလျှော့ချသုံးစွဲစို့
No. 334/336, Coner of 23 Street and Strand Road, Latha Township, Yangon, Myanmar.
Tel : 372 655, 372 646, 373 425, 373 426, 371 848
Fax : 371849, 371125, 384371
e-mail :contact@cbbankmm.com
www.cbbankmm.com
https://www.facebook.com/CBBankmyanmar

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ဟားခါးမြို့ လူငယ်များ ပြည်သူ့အကျိုးပြု မြို့တွင်းသန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်

ဟားခါး ဇွန် ၇

ဟားခါးမြို့ မြို့သန့်ရှင်းသာယာလှပစေရေးအတွက် ဟားခါးမြို့ လူငယ်အဖွဲ့သည် လမ်းမပေါ်ရှိ အမှိုက်များကောက်ခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများ ရှင်းလင်းခြင်းနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဇွန် ၅ ရက် နံနက်က နာရီစင်စုရပ်မှ အဖွဲ့ သုံးဖွဲ့ခွဲကာ ဟားခါး-ဂန့်ဂေါလမ်း၊ ဟားခါး-မတူပီလမ်းနှင့် ဟားခါး-ကလေး (ဗိုလ်ချုပ်လမ်း) လမ်းတစ်လျှောက်တွင် စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ) (ပြည်နယ် ပြန်/ဆက်)

လူထုအားဖြင့်ဆောင်ရွက်ခဲ့သည့် ကိုယ့်အားကိုယ်ကိုးအင်းပေါင်-မြို့လှလမ်း

ရမည်းသင်း ဇွန် ၇

ယခင်ကမိုးရာသီတွင် သွားလာရန် ခက်ခဲသော မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အင်းပေါင်ရွာနှင့် မြို့လှရွာ ဆက်သွယ်ထားသော လမ်းကို ပြန်လည်ပြုပြင်မွမ်းမံထားသည့်အတွက် ယခုအခါ နွေ၊မိုး၊ဆောင်း ရာသီမရွေး အဆင်ပြေချောမွေ့စွာ သွားလာနိုင်ပြီ ဖြစ်ကြောင်း တွေ့မြင်ရသည်။

ယင်းလမ်းသည် နှစ်မိုင်ဝန်းကျင်သာ ဝေးသော်လည်း မိုးရာသီတွင် မိုးသည်းထန်စွာ ရွာသွန်းသည့်အတွက် လမ်းများအပေါ် ရေကျော်ခြင်း၊ ရေဝပ်ခြင်း၊ ဗွက်ထူခြင်း၊ လမ်းများ ပြတ်ရွှေ့ခြင်းကြောင့် သွားလာမှုခက်ခဲ၊ ကုန်စည်စီးဆင်းမှု နှောင့်နှေးခဲ့ရသည်။ ယင်းသို့ သွားလာမှုခက်ခဲနေသော လမ်းကို ယခင်နှစ် နွေရာသီက အင်းပေါင်၊ ကျောင်းသစ်ကျောင်းဆရာတော် ဘဒ္ဒန္တဇောတိက၏ ဦးဆောင်မှု၊ အင်းပေါင်ရွာသူရွာသားများ စည်းလုံးညီညွတ်စွာ လုပ်ဆောင်မှု၊ အလှူရှင်များ၏ လှူဒါန်းမှုတို့ဖြင့် ကျောက်ကြီး ၂၂၅ စီး၊ ယိစာ ၂၂၆ စီး ဝယ်ယူကာ ကျောက်ကြီးယိစာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ခြင်း၊ လမ်းအပေါ်ရေမဝပ်စေရန် လမ်းဘေးဝဲယာတစ်လျှောက် ရေထုတ်မြောင်းတူးခြင်း၊ လမ်းပခုံးသား မြေတင်ခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်းတို့ကို ပြည်သူအားဖြင့် ဆောင်ရွက်ခဲ့သည်ဟု သိရပြီး လုပ်ငန်းကာလ တစ်လနှင့် လေးရက်ကြာမြင့်ကာ စုစုပေါင်း ကုန်ကျငွေကျပ် ၄၃၈၃၁၀၀ ဖြစ်ကြောင်း သိရသည်။

ယခုအခါ အင်းပေါင်-မြို့လှလမ်းတွင် နွေ၊ မိုး၊ ဆောင်း ရာသီမရွေး အခက်အခဲမရှိ သွားလာနိုင်ပြီဖြစ်ပြီး ကိုယ့်အားကိုယ်ကိုး ပြုပြင်မွမ်းမံခဲ့သော လမ်းကို ဒေသခံများက ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်သကဲ့သို့ သက်ဆိုင်ရာများကလည်း အင်းပေါင်-မြို့လှလမ်းကောင်းအောင် အဆင့်မြှင့် ပံ့ပိုးဆောင်ရွက်ပေးလျှင် မြို့ပြနှင့် ကျေးလက် ကွာဟမှုမရှိ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်မှုရှိပြီး ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေးတို့အတွက် များစွာအထောက်အကူပြုကာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်လာမည်မှာ အမှန်ပင်ဖြစ်ပါကြောင်း လေ့လာရေးသား ဖော်ပြလိုက်ရပါသည်။

လှိုင်သန်းတင့်(ရမည်းသင်း)

ရန်ပုံငွေ ဂေါက်သီးရိုက်ပြိုင်ပွဲမှ အလှူငွေများ ပေးအပ်လှူဒါန်း

ရန်ကုန် ဇွန် ၇

Royal Mingalardon Golf & Country Club ၌ မေ ၁၉ ရက်က ကျင်းပပြီးစီးခဲ့သော RM-GCC 4th Anniversary Charity ရန်ပုံငွေ ဂေါက်သီးရိုက် ပြိုင်ပွဲမှ ရရှိသော ပြိုင်ပွဲဝင်ကြေးများကို လူငယ်ဖွံ့ဖြိုးရေး ပရဟိတအဖွဲ့အစည်းများသို့ ပေးအပ်လှူဒါန်းမှု အစီအစဉ်အရ မေ ၃၁ ရက် နံနက် ၁၁ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန၏ မသန်စွမ်းကလေးများပြုစု စောင့်ရှောက်ရေးဂေဟာသို့ စုစုပေါင်း ငွေကျပ် ၂၉၀ ၀၀၀ ကျော်တန်ဖိုးရှိ ဆန်၊ ဆီ၊ ဆေးဝါး၊ တစ်ကိုယ်ရေ သန့်ရှင်းရေးသုံးပစ္စည်းနှင့် စားသောက်ကုန်များကို Royal Mingalardon Golf & Country Club မှ Chief Operation Officer ဒေါ်သင်းသင်းလှိုင်က ပေးအပ်လှူဒါန်းရာ ကျောင်းတာဝန်ခံ ဒေါ်ခင်စိုးကြည်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

ဆက်လက်၍ မွန်းလွဲ ၁ နာရီတွင် မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကြီးရပ်ကွက်ရှိ လူမှုဝန်ထမ်းဦးစီးဌာန အသိအမှတ်ပြု လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာသို့ စုစုပေါင်းငွေကျပ် ၂၉၀၀၀၀ ကျော်တန်ဖိုးရှိ ဆန်၊ ဆီ၊ ဆေးဝါး၊ ကျောင်းသုံးစာအုပ်နှင့် စားသောက်ကုန်ပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့သည်။

ယင်းနေ့၌ပင် မင်္ဂလာဒုံမြို့နယ် ကုန်းဒလပေါင်ကွက်သစ် အမရဝတီဘုန်းကြီးကျောင်းတိုက်ရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ အလှူငွေကျပ် ၈၀၀၀၀၀နှင့် ကျောင်းသုံးဗလာစာအုပ်များ စုစုပေါင်းတန်ဖိုးငွေကျပ် ဆယ်သိန်းပေးအပ်လှူဒါန်းခဲ့ကြောင်းသိရသည်။

(မြန်မာ့အလင်း)

မြန်မာ့မီးရထား မြို့ပြအင်ဂျင်နီယာဌာန တိုင်း(၅) တောင်ငူနယ်အတွင်း ဆွာဘူတာယာဒ်ဝင်းနှင့် ရန်ကုန်-မန္တလေး ရထားလမ်းတစ် လျှောက်တွင် အင်ဂျင်နီယာဌာန ဝန်ထမ်းများအား အငယ်တန်းအင်ဂျင်နီယာ (၂) သံလမ်းကြီးကြပ်၍ ပေါင်းသတ်ဆေးရည်ဘူးများဖြင့် ရထားလမ်း သန့်ရှင်းသပ်ရပ်ရေးအတွက် ဆောင်ရွက်နေသည်ကို ဇွန် ၂ ရက်က တွေ့ရစဉ်။

ကိုကိုရှုပ

ကုန်းလမ်းပို့ဆောင်ရေးနှင့် အကျိုးတူဆောင်ရွက်လိုသည့် ပြည်တွင်း၊ ပြည်ပကုမ္ပဏီများသို့ အဆိုပြုလွှာများတင်သွင်းနိုင်ရန် အကြောင်းကြားခြင်း

ကုန်းလမ်းပို့ဆောင်ရေးနှင့် အကျိုးတူဆောင်ရွက်လိုသည့် ပြည်တွင်း၊ ပြည်ပကုမ္ပဏီများအား ၁၉-၆-၂၀၁၂ရက်တွင် သတင်းစာမှကြော်ငြာပြီး အဆိုပြုလာသည့် ကုမ္ပဏီများအား တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ ၂၀၁၃ခုနှစ် ဧပြီ ၂၃ရက်နှင့် ၂၅ရက်များတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုစိစစ်ရေးအဖွဲ့ဖြင့် ကုန်းလမ်းပို့ဆောင်ရေးနှင့် အကျိုးတူဆောင်ရွက်မည့် ပြည်တွင်း၊ ပြည်ပကုမ္ပဏီများအား ထပ်မံ၍ ခေါ်ယူတွေ့ဆုံခဲ့ပြီး အဆိုပြုလွှာပုံစံများပေးအပ်ခြင်း၊ အကျိုးတူဆောင်ရွက်နိုင်မည့် မူဝါဒစည်းကမ်းများအား ရှင်းလင်းခြင်းဆောင်ရွက်ခဲ့ပါသည်။

အထက်ပါ တွေ့ဆုံခဲ့သော ပြည်တွင်း၊ ပြည်ပကုမ္ပဏီများအနက် အဆိုပြုလွှာတင်သွင်းရန် ကျန်ရှိသောကုမ္ပဏီများနှင့် အချက်အလက်မပြည့်စုံသော ကုမ္ပဏီများအနေဖြင့် အဆိုပြုလွှာများအား ၂၀၁၃ခုနှစ် ဇွန် ၁၇ရက်နောက်ဆုံးထားပြီး ကုန်းလမ်းပို့ဆောင်ရေးရုံးချုပ်၊ နေပြည်တော်သို့ ဆက်သွယ်၍ပေးပို့နိုင်ရန် အကြောင်းကြားပါသည်။ ၂၀၁၃ခုနှစ် ဇွန် ၁၈ရက်မှစတင်၍ ကုန်းလမ်းပို့ဆောင်ရေးနှင့် အကျိုးတူလုပ်ငန်းရွေးချယ်ဆောင်ရွက်မှုအဆင့်ဆင့်ကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ဖြည့်စွက်ဖော်ပြအပ်ပါသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး

ဆောက်လုပ်ရေးဝန်ကြီးဌာန
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနအတွက်
(ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်) မော်တော်ယာဉ်များအသုံးပြုရန်အတွက် လိုအပ်သော တာယာ(၁၇)မျိုးနှင့် ဘက်ထရီ(၄)မျိုးအား မြန်မာကျပ်ငွေ(Kyats)ဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပေးသွင်းမှုကို ၂၀၁၃ခုနှစ် ဇွန် ၂၈ရက်တွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

စီမံရေးရာဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
ရုံးအမှတ်(၄၀)
နေပြည်တော်
ဖုန်း-၀၆၇-၄၀၇၃၁၂၊ ၀၆၇-၄၀၇၅၂၈

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ မြို့ပတ်(၆)လမ်း၊ မြေကွက်အမှတ်(၄၇)ရှိ (၃)ထပ်ခွဲတိုက်၏ ဒုတိယထပ် တိုက်ခန်းအား အပြီးအပိုင်ဝယ်ယူလက်ရောက် နေထိုင်လျက်ရှိပါကြောင်း အများသိစေရန်ကြေငြာခြင်း

အထက်ဖော်ပြပါတိုက်ခန်းအား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်စန်းတိုး (၁၄/လပတ(နိုင်)၁၀၈၅၃၈)သည် မြေပိုင်ရှင်ဖြစ်သူ ဦးမျိုးအောင် (၁၂/လကန(နိုင်) ၀၃၇၇၂၇)ထံမှ (၂၉-၄-၂၀၁၃)နေ့စွဲပါ "နှစ်ဦးသဘောတူ တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်ငွေချေကတိစာချုပ်" နှင့် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၆၆၂၅/၂၀၁၃) တို့ကို တိုက်ကန်ထရိုက်တာ ဦးညွန့်တင် အသိသက်သေထားကာ ဝယ်ယူပိုင်ဆိုင်ပြီး သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် အသိအမှတ်ပြု ဝယ်ယူပိုင်ဆိုင်နေထိုင်လျက်ရှိပါကြောင်း အများသိစေရန် ကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးအောင်မျိုးသန့် စဉ်-၁၀၈၇၉	**ဒေါ်ဝါဝါခိုင်** စဉ်-၃၇၁၁၈ LL.B, D.B.L
B.A (Eco), H.G.P,	**ဒေါ်ယမင်းထွေး** စဉ်-၃၅၀၆၆ LL.B
Diploma in Business Law	**ဦးဗိုလ်ဗိုလ်ဇော်** စဉ်-၃၈၄၆၉ LL.B, D.B.L
WIPO, D.L.P (Switzerland)	**ဒေါ်သော်သော်စန္ဒီဦး** စဉ်-၃၉၉၉၀ LL.B

အမှတ်(၁၁၃၀)၊(၁၅)လမ်း၊(၇)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်။ဖုန်း-၀၉၇၃၀၇၀၉၀၇

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်ရေတွင်းရပ်ကွက်၊ ရွှေဘုန်းပွင့် (၂) လမ်း၊ အမှတ်-က/၉၀ ဟုခေါ်တွင်သော အကျယ်အဝန်း - အလျား ၄၀ ပေ × အနံ ၆၀ ပေ ၊ ဧရိယာ - ၀. ၀၅၅ ဧကခန့်ရှိ မြေကွက်၊ ၎င်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ (၂) ထပ်အုတ်ညပ်အဆောက်အအုံတို့နှင့်ဆက်နွယ်ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူလက်ရှိလက်ရောက်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ကြည်ကြည်အေး (ဘ) ဦးမောင်အေးသာ (၁၁/မဥန (နိုင်) ၀၁၃၇၁၄) ထံမှ ကျွန်ုပ်၏မိတ်ဆွေက တရားဝင်အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဘိုးငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်တကွ၊ အဆောက်အအုံနှင့်စပ်လျဉ်းသည့် အကျိုးခံစားခွင့်အရပ်ရပ်အားပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးဝင်းမြင့် (LL.M)
တရားလွှတ်တော်ရှေ့နေ (လိုင်စင်အမှတ် - ၈၉၁၄)
အခန်း (အေ-၁၁/၁၂)၊ ပထမထပ်၊ အမှတ် (၅၀)၊
ဘဏ်လမ်း ၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၀-၆၃၅၁၃

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်းများအတွက် လိုအပ်သော ပစ္စည်းများကို နိုင်ငံခြားငွေ (US$) ဖြင့် ဝယ်ယူလိုပါသည်-

(၁) 66/11 kV 20 MVA စစ်တွေ ဓာတ်အားခွဲရုံတည်ဆောက်ရေးစီမံကိန်း
(၂) ပုဏ္ဏားကျွန်းခွဲရုံ Switch Bay (1) No တိုးချဲ့တည်ဆောက်ခြင်း
(၃) 66/11 kV 5 MVA ကျောက်တော်ဓာတ်အားခွဲရုံ တည်ဆောက်ရေးစီမံကိန်း
(၄) မြောက်ဦးခွဲရုံတည်ဆောက်ခြင်း
(၅) ဘုရားကုန်း(ဓာသပြင်)ဓာတ်အားခွဲရုံ တည်ဆောက်ရေးစီမံကိန်း

တင်ဒါပုံစံရောင်းချမည့်ရက်	၁၀-၆-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက်	၁၂-၇-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန်	၁၄း၀၀နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် ၂၇၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ အောက်ဖော်ပြပါ ဓာတ်အားခွဲရုံ တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းများအား (Turnkey Tender) မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆို ဆောင်ရွက်လိုပါသည်-

(၁) ပေါက်ခွဲရုံ Switch Bay (1)No တိုးချဲ့တည်ဆောက်ခြင်း။
(၂) ၆၆/၁၁ကေဗွီ ၅အမ်ဗွီအေ မင်းတပ်ခွဲရုံတည်ဆောက်ခြင်း။
(၃) မိုင်းနောင်ခွဲရုံ Switch Bay (1)No တိုးချဲ့တည်ဆောက်ခြင်း။
(၄) ၆၆/၁၁ကေဗွီ ၅အမ်ဗွီအေ မိုင်းရှူးခွဲရုံတည်ဆောက်ခြင်း။

တင်ဒါပုံစံရောင်းချမည့်ရက်	- ၁၀-၆-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက်	- ၁၂-၇-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန်	- ၁၄း၀၀နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

ဖခင်အမည်မှန်

မုံရွာခရိုင်၊ အရာတော်မြို့နယ်၊ ကမ်းပြုရွာနေ မမြတ်ကေခိုင် ၅/အရတ(နိုင်)၁၀၇၄၇၉၏ ဖခင်အမည်မှန်မှာ ဦးညွန့်ဆွေ(ခ)ဦးအောင်သန်းမင်း ဖြစ်ပါကြောင်း။

ဦးညွန့်ဆွေ(ခ)ဦးအောင်သန်းမင်း

ဖခင်အမည်မှန်

ဦးအာလူးဖာ ၁/ဗမန(နိုင်)၀၅၄၁၆၂ သည် မောင်သောင်းဆိုက်နှင့် မောင်ဂျော်ဆာတို့၏ ဖခင်ဖြစ်ပါကြောင်း သိစေအပ်ပါသည်။

အမည်ပြောင်း

ဦးသိန်းမောင်၏သမီး ကျောက်မဲမြို့၊ အထက(၂) နဝမတန်း(B)မှ မစန္ဒာလင်းအား ယနေ့မှစ၍ မမိုးပြည့်ပြည့်မောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မမိုးပြည့်ပြည့်မောင်

ဖခင်အမည်မှန်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အလက(၃) ဆဋ္ဌမတန်း(A)တွင် ပညာသင်ကြားနေသော မောင်စိုင်းရဲလွင်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးဒန်းလှ ဖြစ်ပါကြောင်း။

ဦးဒန်းလှ

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

အရေးပေါ်လူနာအသက်ကယ်ပစ္စည်း လှူဒါန်း

ရန်ကုန် ဇွန် ၇

အရေးပေါ်လူနာ အသက်ကယ် ကုသပို့ဆောင်ရေးလုပ်ငန်း (Emergency Ambulance Service EAS ဖောင်ဒေးရှင်းသို့ Petronas Co.,Ltd. မှ နှလုံး၊ အဆုတ်နှင့်အရေးကြီးအင်္ဂါရပ်များ လုပ်ငန်းဆောင်ရွက်မှုအခြေအနေတိုင်းတာစက်၊ အရေးပေါ်နှလုံးနှိုးဆွစက်၊ အရေးပေါ်အသက်ရှူစက်စသော အထောက်အကူပြုဆိုင်ရာစက်ပစ္စည်း၁၇မျိုးစုစုပေါင်းအမေရိကန်ဒေါ်လာ ၃၇၃၀၃ ဒသမ ၅ ဒေါ်လာတန်ဖိုးရှိပစ္စည်းများပေးအပ်လှူဒါန်းခဲ့ကြောင်းသိရသည်။ **(ယာပုံ)**ထို့အပြင် Petronas ကုမ္ပဏီ၏အကူအညီဖြင့် EAS လုပ်ငန်းမှ ဆရာဝန်ခြောက်ဦးကို စင်ကာပူနိုင်ငံရှိ Singapore General Hospital ၌ အရေးပေါ်လူနာအသက် ကယ်တင်ခြင်းဆိုင်ရာ

မွမ်းမံသင်တန်းများ တက်ရောက်ရန် စေလွှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ လှူဒါန်းပွဲအခမ်းအနားကို ဇွန် ၄ ရက် နံနက် ၁၀ နာရီက မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမ (B) ၌ ကျင်းပခဲ့ကြောင်း သိရသည်။

မြတ်စန္ဒီသင်းဇော်

ဟိုချီမင်းမြို့တော် ကုန်စည်ပြပွဲ တပ်မတော်ခန်းမ၌ကျင်းပမည်

ရန်ကုန် ဇွန် ၇

ဗီယက်နမ် Investment and Trade Promotion Centre (ITPC) က ကြီးမှူး၍ Ho Chi Minh City Expo 2013 ပြပွဲကို ဇွန် ၆ ရက်မှ ၁၀ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ခင်းကျင်းပြသမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ Trade Zone တွင် ဆောက်လုပ်ရေးလုပ်ငန်းများနှင့် အိမ်ရာအရောင်းပြခန်းများ၊ အိမ်ဆောက်ပစ္စည်းများနှင့် အိမ်တွင်းအလှဆင်ပစ္စည်းများ၊ မြန်မာ့ပရိဘောဂပစ္စည်းများ၊ လုံခြုံရေးသုံးပစ္စည်းများ၊ အီလက်ထရွန်နစ်နှင့် လျှပ်စစ်ပစ္စည်းများ၊ အလှကုန်ပစ္စည်းများ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ Mobile နှင့် ဆက်သွယ်ရေးပစ္စည်းများ၊ စားသောက်ကုန်များ၊ အဝတ်အထည်များ၊ ဆေးဝါးများ၊ တိုင်းရင်းဆေးဝါးပစ္စည်းများ၊ စိုက်ပျိုးမွေးမြူရေးပစ္စည်းများ၊ စာရေးကိရိယာများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ စက်မှုထုတ်ကုန်များနှင့် အခြားလူသုံးကုန်ပစ္စည်းများကို ပြသမည်ဖြစ်သည်။

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့ ဒုတိယမြို့တော်ဝန် Mr.Nguyen Thi Hong ဦးဆောင်သော စီးပွားရေးလုပ်ငန်းရှင် ၄၅ ဦးပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ဇွန် ၆ ရက် မွန်းလွဲ ၁ နာရီခွဲက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ကုန်သည်၊ စက်မှုအသင်းချုပ် (UMFCCI) ၌ မြန်မာစီးပွားရေး လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

အောင်သူရ

ခန္တီးမြို့နယ် နာဂတောင်တန်း ပင်လုံဟတ္ထိကျေးရွာ သာသနာ့အလင်းရောင်စေတီ စိန်ဖူးတော်နှင့် ရွှေထီးတော်တင်လှူပူဇော်ပွဲ ကျင်းပ

ခန္တီး ဇွန် ၇

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ခန္တီးမြို့နယ် နာဂတောင်တန်း ပင်လုံဟတ္ထိကျေးရွာ ထေရဝါဒသာသနာပြု ကျောင်းဝင်းအတွင်း၌ တည်ထား ကိုးကွယ်လျက်ရှိသည့် သာသနာ့အလင်းရောင်စေတီတော် စိန်ဖူးတော်နှင့် ရွှေထီးတော်တင်လှူပူဇော်ပွဲကို ဇွန် ၂ ရက် နံနက် ၉ နာရီ ၉ မိနစ်က ထေရဝါဒသာသနာပြု ကျောင်းဆရာတော် ဦးသုမနဓမ္မာစရိယ (B.A)က ဦးစီးကျင်းပခဲ့သည်။ အခမ်းအနားသို့ ခန္တီးမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမင်းစိုး၊ မြို့နယ်စီမံကိန်းဦးစီးမှူး ဦးရွှေငြိမ်း၊ မြို့နယ် စိုက်ပျိုးရေးဦးစီးမှူးဦးချစ်ဝင်း၊ မြို့နယ်မြေစာရင်းဦးစီးမှူးဦးနီတိုး၊ မြို့နယ်ပြည်တွင်းအခွန်ဦးစီးမှူးဦးမောင်မောင်စိုးနှင့်မြို့နယ်သာသနာရေးဦးစီးမှူးဦးရဲဝင်းတို့က လှူဖွယ်ပစ္စည်းများနှင့်အတူ တက်ရောက်လှူဒါန်း ပူဇော်ခဲ့ကြသည်။

(ခရိုင်ပြန်/ဆက်)

သံနှင့် သံမဏိဖွံ့ဖြိုးမှုစာတမ်း အာဆီယံညီလာခံ၌ ဖတ်ကြားမည်

ရန်ကုန် ဇွန် ၇

မြန်မာနိုင်ငံသံနှင့်သံမဏိလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနအဆင့်နှင့် ပြင်ပအတတ်ပညာရှင် အသိပညာရှင်၊ လုပ်ငန်းရှင်များပါဝင်သော မြန်မာနိုင်ငံသံနှင့်သံမဏိအသင်းကို ဖွဲ့စည်းတည်ထောင်ပြီးနောက် ပြည်ပဈေးကွက်ဖော်ဆောင်ရေးအတွက် နိုင်ငံခြားမှ စီးပွားရေးလုပ်ငန်းရှင်များကို ဖိတ်ခေါ်၍လည်းကောင်း၊ ပြည်တွင်းမှ စီးပွားရေးလုပ်ငန်းရှင်များက ထိုင်းနိုင်ငံရှိ လုပ်ငန်းကုမ္ပဏီများသို့ လည်းကောင်း အပြန်အလှန် ကူးလူးဆက်သွယ်ဆောင်ရွက်လျက်ရှိရာ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ပတ္တရားကမ်းခြေ၌ ဇွန် ၃ ရက်မှ ၆ ရက်အထိ ကျင်းပမည့် ၂၀၁၃ အာဆီယံသံနှင့်သံမဏိညီလာခံ၌ မြန်မာနိုင်ငံသံနှင့်သံမဏိအသင်းဗဟိုကော်မတီဝင် ဦးကျော်စိုး (ဒါရိုက်တာ Steel King) က မြန်မာနိုင်ငံ၏ သံနှင့်သံမဏိဖွံ့ဖြိုးတိုးတက်မှုအကြောင်းသိကောင်းစရာစာတမ်းကို ဖတ်ကြားခဲ့ကြောင်းသိရသည်။

စာတမ်းရှင်နှင့်အတူ မြန်မာနိုင်ငံသံနှင့် သံမဏိတွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်လေးလည်း လိုက်ပါသွားခဲ့ရာ အသင်းအတွင်းရေးမှူး ဦးတင်လှိုင်နှင့်အဖွဲ့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ လိုက်ပါပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

(၀၄၂)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အောက်ပါယာဉ်စစ်ဆေးရေးစက်ကိရိယာနှင့် ဆက်စပ်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

Mobile Test Lane With Container Carrier Truck

(က) Mobile Test Lane Technical Specification
- (၁) Country of Origin - Germany
- (၂) Test Lane Type - Mobile Test Lane
- (၃) Operation - With Power Generator And Computer Control Office Room With Air Conditioner
- (၄) Test Lane Container Size - Length 20ft(6096mm)
- (၅) Condition - Brand New

(ခ) Container Carrier Truck Specification
- (၁) Country of Origin - Europe(or)Japan
- (၂) Type - Container carrier Truck(6x4)
- (၃) Model - 2008 & Up

တင်ဒါပိတ်ရက်နှင့်အချိန် - ၁-၇-၂၀၁၃ ရက် ၁၃:၀၀ နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် သတင်းစာပါ ကြေညာသည့်ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ညွှန်ကြားရေးမှူး(စီမံ)
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)
ရုံးအမှတ်(၂၉)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၅၃၆၀၊ ၀၆၇-၄၀၅၀၉၉
သံသုမာလမ်း၊ မြင်သာ၊ သဃ်ၤန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၅၇၀၉၃၅၊ ၀၁-၅၇၃၁၀၇

အကြောင်းကြားခြင်း

ရန်ကုန်တိုင်းဒေသကြီး ဟင်းသီးဟင်းရွက်နှင့် ကြက်၊ ဝက်၊ ငါးမွေးမြူရေးအထူးဇုန်(၁)အတွင်း အလယ်မိန်းလမ်း M.2,M.4,C.5,M 5 လမ်းများ ကွန်ကရစ်လမ်း အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါသဖြင့် စိုက်ပျိုးမြေကွက်=၂၅၀၀၀ဝိ/-၊ မွေးမြူရေး=၅၀၀၀၀ဝိ/-နှုန်းကို ၃၀-၆-၂၀၁၃ရက် နောက်ဆုံးထားပေးသွင်းကြပါရန် အကြောင်းကြားခြင်းအား ထပ်ဆင့်အသိပေးကြေညာအပ်ပါသည်။

ပေးသွင်းရမည့်နေရာ - ကမ္ဘောဇဘဏ်၊ ထောက်ကြန့်မြို့
ပေးသွင်းရမည့်ငွေစာရင်းအမှတ် - ၀၇၉၁၁၁၀၀၀၁၅၁၀

ဥက္ကဋ္ဌ
အထူးဇုန်(၁)စီမံခန့်ခွဲရေးကော်မတီ၊ ညောင်နှစ်ပင်၊ မှော်ဘီမြို့

ကန့်ကွက်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၆)ရပ်ကွက်၊ တောင်ငူလမ်း၊ အိမ်အမှတ်၊ (၁၆/၁ရ၀)ရှိ မြေနှင့်အိမ်ကို ကိုနေဝင်း မှတ်ပုံတင်အမှတ် (၉/ညဥန(နိုင်)၁၆၆၁၈၄)နှင့် မဌေးမြို့င်၊ (၉/ညဥန(နိုင်)၁ရ၆ရရ၆)တို့သည် နှစ်ဦးပိုင်ဖြစ်သဖြင့် ကိုနေဝင်းတစ်ဦးတည်းမှ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပြင်ဆင်ခြင်းများကိုတစ်ဦးတည်းသဘောဖြင့် မဌေးမြိုင်မသိရှိဘဲ ပြုလုပ်ပိုင်ခွင့်မရှိကြောင်း ကန့်ကွက်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်ဌေးမြိုင်

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်အေးအေးမော်
တရားလွှတ်တော်ရှေ့နေ
စဉ်(၇၄၃၈)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

တင်ဒါအမှတ် ၁/တည်ဆောက်ရေး(ပွင့်ဖြူ)/၂၀၁၃-၂၀၁၄

၁။ စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်း၊ အမှတ်(၄) အထည်စက်ရုံ(ပွင့်ဖြူ)တွင် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

(က) လုပ်ငန်းအမည်
- (၁) Aluminium Partition ပြုလုပ်ခြင်း
  - အပိုင်း(၁) (၃၁၅ပေ×၁၄ပေ)၊ အပိုင်း(၂) (၂၈၂ပေ×၁၄ပေ)၊ အပိုင်း(၃) (၈၂ပေ×၁၇ပေ)
- (၂) ဖေဒါကန်များပြန်လည်ပြုပြင်ခြင်းလုပ်ငန်း (ပေ၃၀၀×ပေ၃၀×၁၀ပေ) ခုနစ်ကန်
- (၃) ဘွိုင်လာအဆောက်အအုံဆောက်လုပ်ခြင်း (ပေ၂၀×ပေ၂၀×၁၀ပေ) (Boiler Foundation အပါအဝင်) (အခင်းကွန်ကရစ်၊ အကာအုတ်+သံဆန်ခါ၊ အမိုးသွပ်)

(ခ) တင်ဒါစတင်ရောင်းချရက် - ၁၀-၆-၂၀၁၃ရက်
(ဂ) တင်ဒါပိတ်ရက် - ၈-၇-၂၀၁၃ ရက် (၁၆:၀၀နာရီအထိ)

၂။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါလိပ်စာသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

ညွှန်ကြားရေးမှူး(ပစ္စည်းစီမံရေး)
အထည်အလိပ်လုပ်ငန်း၊ စက်မှုဝန်ကြီးဌာန
ရုံးအမှတ် ၃၇၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၀၇၀၊ ၄၀၈၃၃၈၊ ဖက်စ်-၀၆၇-၄၀၈၁၈၅

ကုန်ကြမ်းနှင့်ထုပ်ပိုးပစ္စည်းများ အဝယ်တင်ဒါ

၁။ ဝယ်ယူမည့်ပစ္စည်းအမည်နှင့်အရေအတွက်-

စဉ်	ကုန်ကြမ်းပစ္စည်းအမည်	အရေအတွက်
	အမှတ် (၁) ဆေးဝါးစက်ရုံ(ရန်ကုန်)	
(က)	အစေ့ထုတ်ပြောင်း	၇၁၅၃၃ ပိဿာ
(ခ)	ကောက်ရိုး	၂၅၂ တန်
(ဂ)	500ml PET Bottle With Cap (Amber Colour)	၁၃၀၀၀၀ ခု
(ဃ)	စက္ကူထုပ်ပိုးပစ္စည်း	၃ မျိုး
(င)	Sticker Paper	၉၆၉ ထုပ်
	အမှတ် (၂) ပလတ်စတစ်စက်ရုံ(ကျောက်ဆည်)	
(စ)	P.P Lamination	၂၆.၈၂၂တန်

၂။ **တင်ဒါပိတ်ရက်နှင့်အချိန်** - ၂၈-၆-၂၀၁၃ရက် ညနေ ၄နာရီ

တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်) ဖုန်း-၀၆၇-၄၀၈၀၇၆
ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန ဖုန်း-၀၆၇-၄၀၈၃၅၄
နေပြည်တော်။

အမည်ပြောင်း

အထက(၃) တောင်ဥက္ကလာပမြို့နယ် တက္ကသိုလ်ဝင်တန်း(A)မှ ဦးခင်မောင်အေး၏သား မောင်အောင်ခန့်ကျော်အား အောင်ခန့်သော်ဟု ပြောင်းလဲခေါ်ပါရန်။

အောင်ခန့်သော်

Edexcel IGCSE

Physics,Maths-B, Pure Maths တို့ကို Course books+ Old Questions တို့ဖြင့်လေ့ကျင့်သင်ကြားပေးသည်။

Home Tuition Available

SAYA PHILLIP အမှတ်(၁၀၇)၊(၄-ထပ်/ညာ)၊၃၃-လမ်း(အလယ်) ကျောက်တံတားမြို့နယ်၊ Ph : 09-43043349

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
သစ်တောဦးစီးဌာနအတွက်
လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန်
တင်ဒါခေါ်ယူခြင်း
အိတ်ဖွင့်တင်ဒါအမှတ်(၂/၂၀၁၃-၂၀၁၄)

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနအတွက် အသုံးပြုရန်လိုအပ်သည့် အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို ယှဉ်တွဲပါအရေအတွက်များအတိုင်း (မြန်မာကျပ်ငွေဖြင့်)ဝယ်ယူလိုပါသည်။
- (၁) နိုင်ငံခြားစက္ကူ A4 (70 gm) ၆၀၀၀ ထုပ်
- (၂) နိုင်ငံခြားစက္ကူ A3 (70 gm) ၁၀၀ ထုပ်
- (၃) တာယာဆိုဒ်စုံ (၁၄)မျိုး ၆၇၀ လုံး
- (၄) ဘက်ထရီဆိုဒ်စုံ (၃)မျိုး ၂၂၅ လုံး

၂။ တင်ဒါပေးသွင်းမှုကို ၁၃-၆-၂၀၁၃ရက် ၁၀:၃၀နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာများတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

(၁) **သစ်တောဦးစီးဌာန**
ရုံးအမှတ် ၃၉၊ နေပြည်တော်

(၂) **သစ်တောဦးစီးဌာန**
အနောက်ကြို့ကုန်း၊
ဘုရင့်နောင်လမ်း၊ အင်းစိန်

ဦးကောဝိဒ (ရေစကြို)

ဝိပါတ်ကံကြမ္မာမလွတ်သာ
ကမ္ဘာ့အံ့ဖွယ်ရွှေတိဂုံစေတီတော်မြတ်ကြီး
လင်းတနားသောဖြစ်ရပ် သုံးသပ်ချက်ပါဝင်သည်

ထွက်ပြီ

ဖုန်း-၀၁-၅၆၃၄၂၁၊ ၀၉-၄၄၈၀၁၀၉၀၀

တတိယအကြိမ်မြောက် ပဋ္ဌာန်းရွတ်ဆိုပြိုင်ပွဲ

မဟာဝေဇယန္တာ ဓမ္မရိပ်သာကျောင်း၌ ကျင်းပပြုလုပ်မြဲဖြစ်သော တတိယအကြိမ်မြောက် ပဋ္ဌာန်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ဝတ်အသင်းများသည် ၁-၆-၂၀၁၃ရက်မှ ၃၀-၆-၂၀၁၃ရက်အထိ မွန်းလွဲ ၁နာရီမှ ညနေ ၆နာရီအတွင်း လာရောက်စာရင်းပေးသွင်းနိုင်ကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

အမှတ်(၅)ဝိုင်း၊ ကန်ဦးကျောင်းတိုက်ဝင်း၊
မဟာဝေဇယန္တာဓမ္မရိပ်သာကျောင်း၊ တောင်ဥက္ကလာပမြို့နယ်၊
ဖုန်း-၅၆၃၄၂၁၊ ၀၉-၄၉၃၀၃၆၈၇ တို့သို့
ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/လှိုင်ထိပ်ခေါင်တင်၊ ဦးပိုင်အမှတ်(၁၉၈)၊ ဧရိယာ ၀ဒသမ ၀၇၃ဧကရှိ ဦးစိုးအောင်အမည်ဖြင့် ပိုင်ဆိုင်သော အငှားဂရန်မြေကွက်အား ဦးမြင့်ဦး(အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ) ၉/တကန(နိုင်)၀၉၇၉၈၇ (ဘ) ဦးချစ်ညွန့်က ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ရန် မြေပုံရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ချင်းပြည်နယ် ဖလမ်းမြို့၌ ၂၀၁၃ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

ဖလမ်း ဇွန် ၇

သစ်ပင်များသည် လူသားများအတွက် လေထုကိုအဆိပ်အတောက်ဖြစ်စေသည့် ဖန်လုံအိမ်ဓာတ်ငွေ့အား စုပ်ယူဖယ်ရှားပေးခြင်းတို့ကို ဆောင်ရွက်ပေးသဖြင့် ဇွန် ၁ရက်က ဖလမ်းခရိုင် အုပ်ချုပ်ရေးမှူးဦးဆောင်မှုဖြင့် ခရိုင်၊ မြို့နယ် ဌာနဆိုင်ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နေပြည်သူများ ပူးပေါင်း၍ ၂၀၁၃ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဖလမ်းမြို့ တလန်လိုရပ်ကွက်အမှတ်(၁) စမ်းရေထိန်းဧရိယာအတွင်း၌ ကျင်းပရာ စုစုပေါင်း၃၂၀ တက်ရောက်ပြီး ခါတော်မီ၊ ထင်းရှူး၊ ချယ်ရီ၊ မက်ခေါက် စုစုပေါင်း သစ်ပင် ၂၀၀၀ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **(ယာပုံ)**

(မြို့နယ်အုပ်ချုပ်ရေး)

နှာခေါင်းကွဲ၊ အာခေါင်ကွဲ လူနာများအား ခွဲစိတ်ကုသ

နေပြည်တော် ဇွန် ၇

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မွေးရာပါ နှာခေါင်းကွဲ၊ အာခေါင်ကွဲလူနာများကို ကျန်းမာရေးဝန်ကြီးဌာန မြန်မာဆရာဝန်များနှင့်ဂျပန်နိုင်ငံ Okayama University မှ Plastic Surgeon တို့ ပူးပေါင်း၍ ဇွန် ၃ ရက်မှ ၇ရက်အထိ နေပြည်တော်ခုတင် ၁၀၀၀ဆေးရုံကြီးတွင် ခွဲစိတ်ကုသပေးလျက်ရှိရာ နေပြည်တော်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဒေါ်အေးအေးစန်း၊ ဇမ္ဗူသီရိမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်မော်မော်နှင့်အသင်းဝင်များ၊ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်မိုး၊ လယ်ဝေးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချိုချိုနှင့်အဖွဲ့ဝင်များသည် ဇွန် ၄ရက် နံနက် ၁၀နာရီက အဆိုပါလူနာများအား သွားရောက်ကြည့်ရှု၍ ကွေကာအုပ်နှင့် ရေသန့်ဘူးများလှူဒါန်းခြင်း၊ အခြားလိုအပ်သည်များ ကူညီပေးခြင်းများကို ဆောင်ရွက်ခဲ့သည်။

ဖော်ပြပါ မွေးရာပါချို့ယွင်းလူနာများအား ခွဲစိတ်ကုသနေသည့်ရက်များတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များမှ နေ့စဉ်သွားရောက်၍ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။ **(အောက်ပုံ)** **မင်းမင်းလတ်(မန်းတက္ကသိုလ်)**

ပိုးသတ်ဆေးခတ် ဘက်ထရီရှော့ခ်တိုက် ငါးဖမ်းနေ

မိုးညှင်း ဇွန် ၇

ပိုးသတ်ဆေးများဖြင့် ငါးများကို ဆေးခတ်ဖမ်းဆီးနေခြင်းကြောင့် ဆေးမပြယ်သဖြင့် ရေစီးကြောင်းတစ်လျှောက် ငါးများသေဆုံးရကြောင်း၊ ငါးဆေးခတ်သူများကို ရှာဖွေသော်လည်း မတွေ့မြင်ရကြောင်း၊ ပိုးသတ်ဆေးအရောင်းဆိုင်မှ ဝယ်ယူသူကို စာရင်းထားရှိပေးလျှင် ခန့်မှန်းနိုင်မည်ဖြစ်ပါကြောင်းဖြင့် ကျေးရွာရပ်ကွက် တာဝန်ရှိပြည်သူတစ်ဦးက ဇွန် ၂ ရက်တွင် ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော အလုပ်ရုံဆွေးနွေးပွဲ၌ တင်ပြသည်။

၄င်းတင်ပြသည့် ဖြစ်ရပ်များမှာ မိုးညှင်းမြို့လယ်တွင် ဖြတ်သန်းစီးဆင်းနေသော နန့်ရင်းချောင်းအတွင်း ဆေးခတ်ငါးဖမ်းနေခြင်းကို ရည်ညွှန်းပြောဆိုခြင်းဖြစ်သည်။ ယခင်က နန့်ရင်းချောင်းအတွင်း ပေါများစွာရှိနေခဲ့သော ရေနေ ငါးလူး၊ ငါးလဝါ၊ ငါးဘတ်၊ ငါးနုသန်း၊ ငါးကြင်း ရွှေဝါစသည့် ငါးမျိုးစိတ်များ ယခုအခါ မျိုးသုဉ်းနေပြီး အခြား ကျောက်အကြားသဲရွံ့တွင်းအောင်းငါးမျိုးစိတ်များလည်း မျိုးသုဉ်းလုနီးနေပြီဖြစ်သည်။

နန့်ရင်းချောင်း ရေနေငါးမျိုးစိတ်များ မျိုးဆက် မပွားနိုင်ခြင်းသည် ငါးများကို ဆေးခတ်ဖမ်းဆီးခြင်းအပြင် ဘက်ထရီရှော့ခ်တိုက် ငါးဖမ်းခြင်းကြောင့် မျိုးစိတ်များမျိုးမပွားနိုင်တော့သဖြင့် ထိရောက်စွာ တားမြစ်သင့်ပါကြောင်းဖြင့် ဒေသခံများက ပြောကြားသည်။

(ဝဇိရ)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

၅၉ နှစ်မြောက် မင်္ဂလာဆုတောင်း

ချစ်ဖေဖေ ဗိုလ်မှူးကြီး သီဟသူရစိုးသိမ်း(ငြိမ်း)+ချစ်မေမေ ဒေါ်တင်ဦး

၈.၆.၂၀၁၃ နေ့တွင် ကျရောက်သော မင်္ဂလာသက်တမ်း **၅၉** နှစ်မြောက် အထိမ်းအမှတ်မှသည် နှောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သော သားသမီး၊ မြေးများနှင့်အတူ အသက်ရှည်ကျန်းမာပျော်ရွှင်စွာဖြင့် နေထိုင်နိုင်ပါစေကြောင်း မင်္ဂလာဆုမွန်ကောင်း တောင်းအပ်ပါသည်။

ချစ်သားသမီးများ - မူမူစိုး ၊ ရန်နိုင်စိုး ၊ ကြည်စိုး + ဉမ္မာစိုး

ချစ်မြေး - စိုးလပြည့်

ဝင်းရဲကျော် ဝန်ဆောင်မှုကုမ္ပဏီလီမိတက်

JOB SECURITY အတွက် Competency gap ဖြစ်နေလျှင် နိုင်ငံခြားကျောင်းများတွင် သင်ကြားပို့ချပေးခဲ့သည် Outcome Based Education (OBE) စနစ်အတိုင်း ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ Approved လုပ်ထားသော အောက်ပါသင်တန်းများကို တက်ရောက်နိုင်ပါသည်။

၁။ Use of Leadership & Managerial Skills

၂။ Application of Leadership & Teamworking Skills

၃။ Ship Security Officer

Job Security အတွက် လိုအပ်မည့် သင်တန်းများကို မည်သူမဆို တက်ရောက်နိုင်ပါသည်။

ဆက်သွယ်ရန် -

Dr. Soe Win

B.Sc; DMA; M.Sc (MSA(N)-Sweden); DBL; PhD (Law),

Master Mariner; Fellow of Nautical Institute (UK)

တိုက် ၁၁၊ မြေညီထပ်၊ အေးရိပ်မွန် ၈ လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၀၁-၆၆၂၃၉၈၊ ၀၉-၇၃၁၇၇၂၀၆

FAME

Biogurt®

Probiotic supplement

ဒိန်ချဉ်ဆေး

TMR 011383 (0615)

၂/၂၀၁၂ တဆထလ (တိုး) ၀၆၅၇

ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

ခန္ဓာကိုယ်အတွက်ဆုံးရှုံးသွားသော အကျိုးပြုဘက်တီးရီးယားများပြန်လည်ဖြည့်ဆည်းပေးရန်

FAME

Diarstat®

For bacillary dysentery and diarrhea

0213 YR 007009

၂/၂၀၁၂ တဆထလ/တိုး(၀၆၅၇)

ဝမ်းလျှောဝမ်းပျက်သောက်ဆေး

ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

ပြည်သူ့မီဒီယာ အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် ဖွဲ့စည်းတည်ထောင်ပြီးဖြစ်ကြောင်း အများပြည်သူသို့ ကြေညာခြင်း

ပြည်သူ့မီဒီယာ အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (People Media Public Co.,Ltd)ကို ကြော်ငြာနှင့်ကြော်ငြာ ကိုယ်စားလှယ်လုပ်ငန်း၊ ဖျော်ဖြေရေးလုပ်ငန်းနှင့် ယင်းနှင့်ပတ်သက်သည့်လုပ်ငန်းများ၊ ရုပ်မြင်သံကြားအစီအစဉ်များ ထုတ်လုပ်ခြင်း၊ ထုတ်လွှင့်ပြသခြင်းနှင့် ဖြန့်ချီရောင်းချခြင်းဆိုင်ရာလုပ်ငန်း၊ ပုံနှိပ်ထုတ်ဝေခြင်း၊ ဖြန့်ချိခြင်းနှင့် ရောင်းချခြင်း ဆိုင်ရာလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေနှင့်အညီ ၂၀၁၃ ခုနှစ်၊ ဧပြီလ (၂၅)ရက်နေ့တွင် ကုမ္ပဏီမှတ်ပုံတင်အမှတ် ၃၄၄/၂၀၁၃-၂၀၁၄ ဖြင့် ဖွဲ့စည်းတည်ထောင်ပြီးဖြစ်ကြောင်း အများပြည်သူအား ကြေညာအပ်ပါသည်။

အစုရှယ်ယာတစ်စုလျှင် ကျပ်တစ်သိန်း(ကျပ်-၁၀၀,၀၀၀) သတ်မှတ်ထားပြီး အများပြည်သူ၏ အစုရှယ်ယာများကို မကြာမီကာလအတွင်း ဖိတ်ခေါ်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ရွှေရှမ်းပြည် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် ဖွဲ့စည်းတည်ထောင်ပြီးဖြစ်ကြောင်း အများပြည်သူသို့ ကြေညာခြင်း

ရွှေရှမ်းပြည် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (Shwe Shan Pyi Public Co.,Ltd)ကို သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ စက်မှုဇုန်အတွက် လိုအပ်သော အခြေအနေအဆောက်အအုံများ တည်ဆောက်ခြင်းနှင့် အကွက်ဖော်ဖြန့်ဖြူးရောင်းချခြင်း၊ စက်ရုံ အလုပ်ရုံများ တာဝန်ယူတည်ဆောက်ခြင်းနှင့် လုပ်ငန်းလည်ပတ်ခြင်း လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေနှင့်အညီ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၃)ရက်နေ့တွင် ကုမ္ပဏီမှတ်ပုံတင်အမှတ် ၄၈၇၀/၂၀၁၂-၂၀၁၃ ဖြင့် ဖွဲ့စည်းတည်ထောင်ပြီးဖြစ်ကြောင်း အများပြည်သူအား ကြေညာအပ်ပါသည်။

ကုမ္ပဏီရုံးခန်းတည်နေရာ - အမှတ်(၂၁၆/၂၂၂) မြေညီထပ်၊ ဗိုလ်မြတ်ထွန်းအိမ်ရာ၊ ဗိုလ်မြတ်ထွန်းလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

အစုရှယ်ယာတစ်စုလျှင် ကျပ်တစ်သိန်း(ကျပ်-၁၀၀,၀၀၀) သတ်မှတ်ထားပြီး အများပြည်သူ၏ အစုရှယ်ယာများကို မကြာမီကာလအတွင်း ဖိတ်ခေါ်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

